## နိဒါန်း

*ပေါလုသည် **ကော်ရင့်**မြို့ အသင်းတော်နှင့် ဆက်ဆံရေးတွင် ပြဿနာအခက်အခဲများနှင့်ရင်ဆိုင်ရသည့်အချိန်၌ ဤဒုတိယစာစောင်ကိုရေးသားရခြင်းဖြစ်သည်။ ထိုအသင်းဝင်အချို့တို့သည် **ပေါလု**အားဆန့်ကျင်၍၊ ပြင်းထန်စွာ အတိုက်အခံပြုခဲ့သည်။ သို့ရာတွင် **ပေါလု**သည် ထိုသူတို့နှင့်ပြန်လည်သင့်မြတ်ရန် ဆန္ဒပြင်းပြမှုကို ပြခဲ့သည်။ ပြန်လည်သင့်မြတ်မှု ရရှိသောအခါလွန်စွာ ဝမ်းမြောက်ဝမ်းသာမှုကို ဖော်ပြခဲ့သည်။*

*ဤစာစောင်၏ ပထမပိုင်းတွင် **ပေါလု**သည်မိမိအား အတိုက်အခံပြုသူများ နှင့် စော်ကားပြောဆိုသူများအား အဘယ်ကြောင့် ပြင်းပြင်းထန်ထန် တုံ့ပြန်ချေပရသည်ကိုဖော်ပြပြီးနောက်၊ ယင်းသို့တုံ့ပြန်ချေပမှုကြောင့် ထိုသူတို့သည် နောင်တရလာသဖြင့် မိမိနှင့်ပြန်လည်သင့်မြတ်လာသည့်အတွက် များစွာနှစ်ထောင်းအားရကြောင်းကို ရေးသားထားသည်။*

*ထို့နောက် **ပေါလု**သည် **ဂျူဒေယ**ပြည်ရှိချို့တဲ့နွမ်းပါးသော ခရစ်ယာန်များအတွက် ရက်ရောစွာပေးလှူကြရန် **ကော်ရင့်**မြို့အသင်းတော်အား မေတ္တာရပ်ခံလေသည်။*

*နောက်ဆုံးအခန်းများတွင် လူအနည်းငယ် သည် မိမိကိုယ်ကိုတမန်တော် အစစ်အမှန်များဖြစ်ကြပြီး **ပေါလု**ကိုမူ တမန်တော်အတုအယောင်ဖြစ်သည်ဟု စွပ်စွဲပြောဆိုချက်ကို ချေပရေးသားထားသည်။*

***အကြောင်းအရာအကျဉ်းချုပ်***

| | |
|---|---|
| *နိဒါန်း* | *၁း၁–၁၁* |
| ***ပေါလုနှင့်ကော်ရင့်**မြို့ရှိအသင်းတော်* | *၁း၁၂–၇း၁၆* |
| *ဂျူးဒေအားပြည်ရှိခရစ်ယာန်များအတွက် အလှူငွေ* | *၈း၁ – ၉း၁၅* |
| *တမန်တော်တစ်ပါးအနေဖြင့် မိမိတွင် အခွင့်အာဏာရှိကြောင်း ပေါလုချေပပြောဆိုချက်* | *၁၀း၁ – ၁၃း၁၀* |
| *နိဂုံး* | *၁၃း၁၁ – ၁၄* |

## အခန်းကြီး (၁)

၁။ ဘုရားသခင်၏အလိုတော်အားဖြင့် ခရစ်တော်**ယေရှု**
၏တမန်တော်အဖြစ် ခန့်ထားခြင်းခံရသူ **ပေါလု**နှင့်
ညီတစ်မစ်သီတို့ထံမှ **ကော်ရင့်**မြို့ရှိ ဘုရားသခင်
၏အသင်းတော် ဝင်များမှစ၍ **အာခိုင်ယ**ပြည်နယ်ရှိ
ဘုရားသခင်၏လူမျိုးတော်တို့ထံသို့ စာရေးလိုက်ပါ
၂။ သည်။ ငါတို့၏အဖဘုရားသခင်နှင့် သခင်**ယေရှု**
ခရစ်တော်၏ကျေးဇူးတော်နှင့်ငြိမ်းချမ်းသာယာခြင်း
သည် သင်တို့ အပေါ်သို့ သက်ရောက်ပါစေ။

### ဘုရားသခင်အား ကျေးဇူးတော်ကို ချီးမွမ်းခြင်း

၃။ သနားကရုဏာတော်နှင့်ပြည့်စုံတော်မူသော အဖ၊
နှစ်သိမ့်မှုပေးသောအရှင်၊ ငါတို့ သခင်ခရစ်တော်၏
ခမည်းတော် ဘုရားသခင်သည် မင်္ဂလာရှိတော်မူစေ
၄။ သတည်း။ ငါတို့သည် ဆင်းရဲဒုက္ခအမျိုးမျိုးခံရကြ
သောအခါ ကိုယ်တော်သည်ငါတို့ကိုအားပေးနှစ်သိမ့်
တော်မူ၏။သို့ဖြစ်၍ ငါတို့သည်လည်း ဘုရား
သခင်ထံတော်မှ ထိုသို့ရရှိသည့် နှစ်သိမ့်မှုဖြင့်ပင်
လျှင် ဒုက္ခဆင်းရဲအမျိုးမျိုးခံရကြသူတို့အားပေးနိုင်
၅။ ကြပေသည်။အကြောင်းမူကား၊ ငါတို့သည်ခရစ်တော်
၏များပြားသည့် ဒုက္ခဆင်းရဲခြင်းကိုမျှဝေယူကြသော
ကြောင့် ခရစ်တော်အားဖြင့် ဘုရားသခင်၏ နှစ်သိမ့်
၆။ မှုကိုလည်းရရှိကြ၏။ ငါတို့သည် ဆင်းရဲဒုက္ခခံရကြ
လျှင် သင်တို့၏နှစ်သိမ့်မှုနှင့် ကယ်တင်ခြင်းအတွက်
ဖြစ်၏။ ငါတို့နည်းတူနှစ်သိမ့်မှုကိုရရှိလျက် ငါတို့ခံ
ရသော ဆင်းရဲဒုက္ခမျိုးကို သည်းခံသောစိတ်နှင့်ခံနိုင်
၇။ သောခွန်အားရရှိကြ၏။ သင်တို့၌ ထားရှိသည့်
ငါတို့၏မျှော်လင့်ခြင်းသည် မည်သည့်အခါမျှ ယိမ်း
ယိုင်မည်မဟုတ်။ အကြောင်းမူကား၊ သင်တို့သည်
ငါတို့ခံရသည့် ဆင်းရဲဒုက္ခမျိုးကိုခံရကြသည့်နည်းတူ
ငါတို့ရရှိသည့် နှစ်သိမ့်မှုမျိုးကိုလည်း ရရှိကြကြောင်း
၈။ ငါတို့သိကြ၏။ ညီအစ်ကိုတို့ **အာရှ**ပြည်တွင် ငါတို့
ခံခဲ့ရသည့်ဒုက္ခကို သင်တို့မသိဘဲ နေစေရန် ငါတို့
အလိုမရှိပါ။ ငါတို့သည် မခံမရပ်နိုင်အောင်ဆင်းရဲ
ဒုက္ခကိုခံခဲ့ရသောကြောင့် အသက်ရှင်နိုင်ရန်မျှော်လင့်
၉။ ချက်ပင် မရှိခဲ့ပေ။ ငါတို့သည် သေဒဏ်စီရင်ခြင်း
ခံရသူများဟု မိမိတို့ကိုယ်ကို ထင်မှတ်ခဲ့ကြ၏။
သို့ရာတွင် ဤသို့ဖြစ်ပျက်ရခြင်းမှာ ငါတို့သည်
မိမိတို့ကိုယ်ကို အားမကိုးဘဲ သေသူတို့အားရှင်ပြန်
ထမြောက်စေတော်မူသော ဘုရားသခင်ကို အားကိုး

၁

၁၀။ ကြစေရန်သာဖြစ်၏။ ကိုယ်တော်သည် ဤသို့
ကြောက်မက်ဖွယ်ကောင်းသော သေဘေးမှ ငါတို့
အား ကယ်တင်တော်မူခဲ့၏။ နောင်တွင်လည်း ကယ်
တင်တော်မူလိမ့်မည်။ ကိုယ်တော်သည် ငါတို့အား
တစ်ဖန် ကယ်တင် တော်မူဦးမည်ကိုလည်း ငါတို့
၁၁။ ယုံကြည်မျှော်လင့်ကြ၏။ သင်တို့သည် ငါတို့
အတွက် ဆုတောင်းပတ္ထနာပြု၍ ကူညီကြခြင်းဖြင့်
ဘုရားသခင်သည် သင်တို့ တောင်းလျှောက်သည့်
ဆုတောင်းပတ္ထနာကို နားညောင်းတော်မူပြီး၊ ငါတို့
အား ကောင်းချီးမင်္ဂလာ ပေးသနား တော်မူသော
ကြောင့် လူအမြောက်အများတို့သည် ငါတို့အတွက်
ကျေးဇူးတော်ကို ချီးမွမ်းကြလိမ့်မည်။

## ပေါလုအစီအစဉ်ပြောင်းခြင်း

၁၂။ ငါတို့၏ ဩတ္တပစိတ်က ငါတို့အား သက်သေခံ၍
ငါတို့ဂုဏ်ယူဝါကြွားစရာတစ်ခုကား၊ ဤလောက၌
အသက်ရှင်စဉ်ကာလ၊ အထူးသဖြင့်သင်တို့နှင့် ဆက်
ဆံရာတွင် လူ၏အသိဉာဏ်ကိုအမှီမပြုဘဲ ဘုရား
သခင်၏ ကျေးဇူးတော်တန်ခိုးကိုသာလျှင် အမှီပြု၍
ငါတို့သည် ဘုရားသခင်ပေး သနားတော်မူသော
ရိုးသားပွင့်လင်းသည့်စိတ်နှင့်ပြုမူကျင့်ကြံခြင်းပင်ဖြစ်
၁၃။ ၏။ ယခု ငါရေးသားပေးပို့ လိုက်သောစာများတွင်
သင်တို့ဖတ်ရှုနားလည်နိုင်သည့် အကြောင်းအရာများ
၁၄။ သာလျှင်ပါရှိ၏။ သို့ရာတွင် သင်တို့သည် ယခု
တစ်စိတ် တစ်ဒေသအားဖြင့်သာ သိရှိနားလည်ကြ
သည့် အကြောင်းအရာများကို ပြည့်စုံစွာ သိရှိ
နားလည်လာကြလိမ့်မည်ဟု ငါမျှော်လင့်၏။ ဤသို့
ဖြင့် ငါတို့၏ အရှင်သခင်**ယေရှု**ကြွလာတော်မူရာ
နေ့၌ ငါတို့သည် သင်တို့အတွက် ဂုဏ်ယူဝါကြွား
နိုင်သည့်နည်းတူ သင်တို့ သည်လည်း ငါတို့အတွက်
ဂုဏ်ယူ ဝါကြွားနိုင်ပေလိမ့်မည်။
၁၅။ ယုံကြည်စိတ်ချမှုဖြင့် သင်တို့သည် အားရကျေနပ်မှု
နှစ်ထပ်ကွမ်း ခံစားနိုင်ကြစေရန် ပထမဦးစွာ သင်တို့
၁၆။ ထံသို့ လာမည်ဟုငါအကြံရှိခဲ့၏။ အကြောင်းမှာ
**မာစီဒိုနီယ**ပြည်သို့အသွားတွင်တစ်ကြိမ်၊ သင်တို့ထံ
သို့ဝင်၍ **ဂျူဒေယ**ပြည်သို့ခရီးစဉ်အတွက် သင်တို့ထံ
၁၇။ မှ အကူအညီရရှိရန် ငါရည်ရွယ်၏။ ယင်းသို့
ကြံစည်ခဲ့ခြင်းမှာ ငါသည်မရေမရာဖြစ်လေသလော၊
ငါကြံစည်ဆုံးဖြတ်သည့်အခါများ၌ လောကသားစိတ်
ဖြင့် ကြံစည်ဆုံးဖြတ်လေသလော၊ တစ်ချိန်တည်း

၂

မှာပင် ‘ဟုတ်သည်’ဟူ၍လည်းကောင်း၊ ‘မဟုတ်’ဟူ
၍လည်းကောင်း၊ စကားနှစ်ခွဆိုလေသလော။
၁၈။ ဘုရားသခင်သည်သစ္စာရှိတော်မူသကဲ့သို့ငါပြောသော
စကားသည်လည်း ဟုတ်သည်ဟူ၍လည်းကောင်း၊
၁၉။ မဟုတ်ဟူ၍လည်းကောင်း မဆိုလို။ သင်တို့အား
**တိမောသေဦး၊စီဗားနု**နှင့် ငါတို့ဟောပြောကြေညာခဲ့
သော ဘုရားသခင်၏ သားတော်**ယေရှု**ခရစ်တော်
သည် တစ်ချိန်တည်းမှာပင် ဟုတ်သည်ဟူ၍လည်း
ကောင်း၊ မဟုတ်ဟူ၍လည်းကောင်း ဖော်ပြတော်မူ
သောအရှင်မဟုတ်၊ စင်စစ်ကိုယ်တော်သည် ဘုရား
သခင်၌အစဉ်အမြဲဟုတ်သည်ဟူ၍ ဖြစ်တော်မူ၏။
၂၀။ အကြောင်းမူကား၊ ကိုယ်တော်၌ဘုရားသခင်၏ဂတိ
တော်အပေါင်းတို့သည်“ဟုတ်သည်”ဟုဖြစ်လာရ၏။
ဤအကြောင်းကြောင့် ဘုရားသခင်၏ဘုန်းတော်ဂုဏ်
တော် ငါတို့သည်ကိုယ်တော်ကိုအမှီပြု၍ “အာမင်”ဟု
၂၁။ ဆိုခြင်းဖြစ်၏။ သင်တို့နှင့်ငါတို့အား ခရစ်တော်နှင့်
တစ်လုံးတစ်ဝတည်း အသက်ရှင်စေတော်မူ၍ဘိသိတ်
သွန်းလောင်းတော်မူသောအရှင်မှာဘုရားသခင်ကိုယ်
၂၂။ တော်တိုင်ဖြစ်ပေသည်။ ကိုယ်တော်သည် ငါတို့
အပေါ်မှာ ကိုယ်တော်၏တံဆိပ်တော်နှင့်ခတ်နှိပ်တော်
မူ၏။ ကိုယ်တော်သည် ငါတို့အတွက်လျာထားတော်
မူသည့် အရာများ၏အာမခံချက်အဖြစ် ငါတို့၏စိတ်
နှလုံးထဲ၌ သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်း
၂၃။ ပေးတော်မူ၏။ **ကော်ရင့်**မြို့သို့မလာဘဲနေရန် ငါဆုံး
ဖြတ်ခဲ့ခြင်းမှာ သင်တို့ကို သက်ညှာသောကြောင့်
ဖြစ်သည်ကို ဘုရားသခင်သည် ငါ၏သက်သေဖြစ်
၂၄။ တော်မူ၏။ ငါတို့သည်သင်တို့၏ ယုံကြည်ရခြင်းကို
အုပ်ချုပ်အမိန့်ပေးနေခြင်းမဟုတ်၊သိကြ။ ငါတို့သည်
သင်တို့၏ ရွှင်လန်းဝမ်းမြောက်မှုအတွက် သင်တို့နှင့်
အတူ လုပ်ဆောင်နေခြင်းသာဖြစ်၏။ အကြောင်းမူ
ကား၊ သင်တို့၏ယုံကြည်ခြင်းသည် ခိုင်မာကြောင်း
ငါတို့သိကြ၏။

## အခန်းကြီး (၂)

၁။ ထို့ကြောင့် ငါသင်တို့ထံ နောက်တစ်ဖန်ငါမလာရန်
၂။ ဝမ်းနည်းခြင်းဖြင့် စိတ်ပိုင်းဖြတ်ထား၏။အကြောင်းမူ
ကား၊ ငါသည် သင်တို့အား ဝမ်းနည်းနာကျည်း
အောင်ပြုမူပါက ငါ့အားမည်သူသည်ရွှင်လန်းစေမည်

နည်း။ ငါဝမ်းနည်းအောင် လုပ်ခဲ့သူများမှလွဲ၍
မည်သူသည် ငါ့အား စိတ်ရွှင်လန်းစေတော့အံ့နည်း။
၃။ အကယ်၍ ငါလာသောအခါ၊ ငါ့အားစိတ်ရွှင်လန်း
သူများက ရွှင်လန်းဝမ်းမြောက်စေမည့် သူများက
ငါ့အားဝမ်းနည်းစေမည်စိုး၍ ထိုစာကိုငါရေးသားပေး
ပို့လိုက်ခြင်းဖြစ်၏။ ငါဝမ်းမြောက်ခြင်းသည်သင်တို့
အားလုံး၏ ဝမ်းမြောက်ခြင်းဖြစ်သည်ကို ငါအမှန်
၄။ ယုံကြည်၏။ ငါသည် အလွန်ပူပန်သောကရောက်၍
မျက်ရည်များစွာဖြင့် ထိုစာကိုရေးလိုက်ခြင်းဖြစ်၏။
သို့သော် သင်တို့အား ဝမ်းနည်းစေလို၍မဟုတ်ဘဲ
သင်တို့အား ငါမည်မျှချစ်ကြောင်းကို သိစေလို၍သာ
ရေးလိုက်ခြင်းဖြစ်သည်။

## ပြစ်မှုကျူးလွန်သူအား ခွင့်လွှတ်ခြင်း

၅။ တစ်စုံတစ်ယောက်သော သူသည် ငါ့ကိုဝမ်းနည်းစေ
သောအခါ ငါ့ကိုသာမက သင်တို့အားလုံးကိုလည်း
တစ်စိတ်တစ်ဒေသ အားဖြင့် ဝမ်းနည်းစေ၏။ ဤသို့
၆။ ငါဆိုရခြင်းကား၊ သင်တို့ကို ငါအကျယ်မချဲ့လိုပေ။
သင်တို့ လူအများစု၏ ဒဏ်ပေးမှုကိုခံရခြင်းသည်ပင်
၇။ လျှင် ထိုသူ့အတွက် လုံလောက်ပေလိမ့်မည်။ မည်
သို့ပင်ဖြစ်စေကာမူ ယခုသူ့အား သင်တို့အခွင့်လွှတ်
၈။ ၍ အားပေးဖြေသိမ့်ကြလော့။ ထိုသို့မဟုတ်လျှင်သူ
သည် မခံမရပ်အောင် ဝမ်းနည်းခံစားရလိမ့်မည်။
သို့ဖြစ်၍ သင်တို့သည် သူ့ကိုအမှန်တကယ် မေတ္တာ
ထားကြောင်းကို သူသိရှိ နားလည်အောင် ပြကြရန်
၉။ သင်တို့အား ငါတောင်းပန်၏။ ထိုစာကိုငါရေးခဲ့ရ
သည့် အကြောင်းမှာ သင်တို့သည်အရာရာကိုနာခံရန်
၁၀။ အဆင်သင့်ရှိကြောင်းစုံစမ်းသိရှိလို၍ဖြစ်၏။ သင်တို့
သည်လူတို့၏အပြစ်ကိုအခွင့်လွှတ်သောအခါငါသည်
လည်း သူတို့ကို အခွင့်လွှတ်၏။ အကြောင်းမှာ
ငါသည်တစ်ခုခုကိုခွင့်လွှတ်ရန်လိုပါလျှင်၊ သင်တို့၏
မျက်နှာကိုထောက်၍ ခရစ်တော်၏ရှေ့တော်မှောက်၌
၁၁။ ထိုသူ၏ အပြစ်ကိုအခွင့်လွှတ်၏။ သို့မှသာလျှင်
စာတန်သည် ငါတို့အပေါ်အသာစီးမရစေရန် ငါတို့
တားဆီးနိုင်ပေမည်။ အဘယ်ကြောင့်ဆိုသော် ငါတို့
သည် စာတန်၏ အကြံအစည်များကို သိကြသော
ကြောင့်တည်း။

## ထရောမြို့တွင် ပေါလုစိုးရိမ်ပူပန်ခြင်း

၁၂။ ငါသည်ခရစ်တော်၏ သတင်းကောင်းကိုဟောပြော
သွန်သင်ရန် **ထရောမြို့**သို့ ရောက်ရှိလာသောအခါ
အမှုတော်ကို ထမ်းဆောင်နိုင်ရန် သခင်ဘုရား၌ငါ့ကို
၁၃။ တံခါးကိုဖွင့်ပေးတော်မူ၏။သို့ရာတွင် ငါ၏ညီ**တိတု**
ကို မတွေ့ရသဖြင့် ငါသည်လွန်စွာပူပင်သောကဖြစ်ရ
၏။ ထို့ကြောင့် လူတို့ကိုနှုတ်ဆက်ပြီးလျှင် **မာစီဒို
နီယ**ပြည်သို့ထွက်သွားခဲ့၏။

## ခရစ်တော်အားဖြင့် အောင်မြင်ခြင်း

၁၄။ ခရစ်တော်၌ ငါတို့ကိုအောင်မြင်ခြင်းသို့ ဦးဆောင်
လမ်းညွှန်တော်မူ၍ ငါတို့အားဖြင့်ကိုယ်တော်သတင်း
တော်အမွှေးနံ့သာကို နေရာတိုင်းတွင် ပျံ့နှံ့စေတော်မူ
သော ဘုရားသခင်အား ချီးမွမ်းထောမနာ ရှိစေ
၁၅။ သတည်း။ ငါတို့သည် ဘုရားသခင်ထံခရစ်တော် ပူ
ဇော်သည့် မွှေးကြိုင်သောနံ့သာနှင့်တူကြ၏။ ထိုနံ့
သာအမွှေးအကိုင်သည် ကယ်တင်ခြင်းခံနေရသူတို့
အလယ်၌လည်းကောင်း၊ ပျက်စီးဆုံးပါးလုနီးသော
သူတို့အလယ်၌လည်းကောင်း ပျံ့နှံ့သွားလေ၏။
၁၆။ ပျက်စီးဆုံးပါးလုနီးသူတို့အား သေခြင်းအတွက် သေ
ခြင်း၏အနံ့ကိုလည်းကောင်း ကယ်တင်ခြင်းခံရသူတို့
အား အသက်အတွက် အသက်၏အမွှေးအကြိုင်ကို
လည်းကောင်း ဖြစ်စေတော်မူ၏။ မည်သူသည် ဤ
ကဲ့သို့သောအမှုကို ဆောင်ရွက်နိုင်သနည်း။
၁၇။ ငါတို့သည် အခြားသူအမြောက်အများကဲ့သို့ ဘုရား
သခင်၏ နှုတ်ကပတ်တရားတော်ကို လှည့်လည်
ရောင်းချသူများမဟုတ်ကြ။ ငါတို့သည် ဘုရားသခင်
စေလွှတ်တော်မူသော သူများဖြစ်၍ ဘုရားသခင်၏
ရှေ့တော်မှောက်တွင် နှုတ်ကပတ်တရားတော်ကို ရိုး
သားစွာ ခရစ်တော်၌ ဟောပြောကြသည်။

# အခန်းကြီး (၃)

## ပဋိညာဉ်တရားသစ်၏ အမှုတော်ဆောင်များ

၁။ ဤသို့ဆိုရာ၌ ငါတို့သည် မိမိတို့ကိုယ်ကို ချီးမွမ်းရာ
ရောက်သလော။ အချို့သောသူတို့ကဲ့သို့ ငါတို့သည်
ထောက်ခံစာများကို သင်တို့အားပေးရန်လိုသလော။
သို့တည်းမဟုတ် သင်တို့ထံမှ ထောက်ခံစာများကို

၂။ ငါတို့တောင်းရန်လိုသလော။ သင်တို့ကိုယ်တိုင်ပင်
လျှင် ငါတို့၏ ထောက်ခံစာဖြစ်ကြ၏။ ထိုစာကို
လူတိုင်းဖတ်ရှုသိရှိရန် သင်တို့၏နှလုံးသားတွင်ရေး
၃။ သားထားပေသည်။ ထိုစာကို ခရစ်တော်ကိုယ်တိုင်
ရေး၍ ငါတို့နှင့်ပေးပို့တော်မူသည်မှာ ထင်ရှား၏။
ထိုစာကား၊ မှင်ဖြင့်ရေးသောစာမဟုတ်။ အသက်ရှင်
တော်မူသော ဘုရား၏ဝိညာဉ်တော်ဖြင့် ရေးသောစာ
ဖြစ်၏။ ထိုစာကို ကျောက်ပြားပေါ်တွင်မရေးဘဲ၊ လူ့
၄။ နှလုံးသားပေါ်တွင် ရေးသားထားသတည်း။ဤသို့ဆို
ရခြင်းကား၊ ငါတို့သည် ခရစ်တော်အားဖြင့် ဘုရား
၅။ သခင်၌ရှိသောယုံကြည်စိတ်ချမှုကြောင့်ဖြစ်၏။ ငါတို့
သည် ဤအမှုကိုထမ်းဆောင်နိုင်သည်ဟု ပြောဆိုနိုင်
ရန် ငါတို့၌မည်သည့်အစွမ်းသတ္တိမျှမရှိ။ ငါတို့၌ရှိ
သည့်အစွမ်းသတ္တိသည် ဘုရားသခင်ထံတော်မှ လာ
၆။ ၏။ ငါတို့သည် ပဋိညာဉ်တရားသစ်အတွက် အမှု
တော်ထမ်းဆောင်ရန် ကိုယ်တော်သည် ငါတို့အား
အစွမ်းသတ္တိများကို ပေးတော်မူ၏။ထိုပဋိညာဉ်တရား
သစ်သည်ရေးထားသည့်ဥပဒေတရားမဟုတ်၊ ဝိညာဉ်
တော်၌ဖြစ်၏။ အကြောင်းမူကား၊ ရေးထားသော
ပညတ်သည်အသက်ကိုသေစေတတ်၏။ဝိညာဉ်တော်
ကား၊ အသက်ကိုအသက်ကိုရှင်စေတတ်သတည်း။
၇။ အကယ်၍ ကျောက်ပြားတွင် ရေးထွင်းထားသော
သေခြင်းတရား၏ ပဋိညာဉ်သည် ဘုန်းအသရေနှင့်
ရောက်လာသောအခါ၊ တောက်ပသော ဘုန်းသရေ
တော်ကြောင့် မိုးဇက်၏မျက်နှာကို ထွန်းလင်းလျက်
မေးမှိန်လာနေဆဲမှာပင် **အစ္စရေးလ်**လူမျိုးတို့သည်
မကြည့်နိုင်အောင် ဘုန်းတန်ခိုးရောင်ခြည်နှင့်ပြည့်စုံ
၈။ ခဲ့၏။ ဤသို့ဆိုလျှင် ဝိညာဉ်တော်အားဖြင့် ပေးသော
ပဋိညာဉ်သည်ကြီးမားတောက်ပသောဘုန်းတန်ခိုးနှင့်
မည်မျှပို၍ ထွန်းလင်းတောက်ပလိမ့်မည်နည်း။
၉။ အကြောင်းမူကား၊ အပြစ်ဒဏ်စီရင်ခြင်းဆိုင်ရာတရား
သည် ဘုန်းအသရေနှင့်ပြည့်စုံပါလျှင် ကယ်တင်ခြင်း
ဆိုင်ရာလုပ်ဆောင်ချက်သည် မည်မျှသာလျှင် ဘုန်း
၁၀။ အသရေနှင့်ပြည့်စုံလိမ့်မည်။ ယခုအခါ၌ သာလွန်
တောက်ပသော ဘုန်းအသရေကြောင့် ယခုအခါ၌
အလွန်တောက်ပသော ဘုန်းသရေသည်ကွယ်ပျောက်
၁၁။ သွားပြီ။ ခေတ္တမျှသာတည်သည့်အရာမှာ ဘုန်းအသ
ရေရှိခဲ့ပါလျှင် ထာဝရတည်သည့်အရာ၌ မည်မျှပို၍
၁၂။ ဘုန်းအသရေရှိလိမ့်မည်နည်း။ ငါတို့၌ဤကဲ့သို့မျှော်
လင့်ချက်ရှိသောကြောင့် ငါတို့သည် ရဲရင့်ကြ၏။
၁၃။ ငါတို့သည် **မိုးဇက်**ကဲ့သို့မဟုတ်။ သူသည် မိမိ၏
မျက်နှာမှ တောက်ပသောအရာ မေးမှိန်ကွယ်ပျောက်
သွားသည့် ဘုန်းရောင်ကို **အစ္စရေးလ်**အမျိုးသားတို့
မတွေ့မြင်ရစေရန် မျက်နှာကို ပုဝါဖြင့်ဖုံးအုပ်ထားရ
၁၄။ လေ၏။ သို့သော် သူတို့၏စိတ်နှလုံးသည် ခိုင်မာ
လျက်ရှိ၏။ ယနေ့တိုင်အောင်ပင်လျှင် ပဋိညာဉ်
တရားဟောင်းကို ဖတ်သည့်အခါတိုင်း သူတို့၏စိတ်
နှလုံးသည် ထိုပုဝါဖြင့်ဖုံးအုပ်လျက်ရှိ၏။ ခရစ်တော်
၁၅။ အားဖြင့်သာ ထိုပုဝါကိုဖယ်ရှားပစ်နိုင်၏။ ယနေ့တိုင်
အောင်ပင်လျှင် **မိုးဇက်**၏ပညတ်ကျမ်းကိုဖတ်ကြည့်
သည့်အခါ၊ သူတို့၏စိတ်နှလုံးသည် ပုဝါဖုံးလျက်ပင်
၁၆။ ရှိသေး၏။ သို့ရာတွင် လူတစ်ဦးသည် သခင်ဘုရား
ထံသို့ ပြောင်းလဲသောအခါ၊ သူ၏ပုဝါသည် ဖယ်ရှား
၁၇။ ၍သွားလေ၏။ ဘုရားသခင်သည် ဝိညာဉ်တော်ဖြစ်
တော်မူ၏။ သခင်ဘုရား၏ဝိညာဉ်တော်ရှိရာအရပ်၌
၁၈။ လွတ်လပ်မှုရှိ၏။ သို့ဖြစ်၍ ငါတို့အားလုံးသည် မျက်
နှာကိုဖုံးမထားကြတော့ဘဲ၊ ဘုရားသခင်၏ဘုန်းဂုဏ်
တော်ကို လက်ခံရောင်ပြန်ဟပ်ကြသဖြင့် ကိုယ်တော်
နှင့် ပုံသဏ္ဌာန်တူလာနိုင်ကြရန် ဘုန်းဂုဏ်တော်
တစ်ဆင့်ပြီးတစ်ဆင့်သို့ပြောင်းလဲကြ၏။ အကြောင်း
မူကား၊ ဤပြောင်းလဲခြင်းသည် ဝိညာဉ်တော်တည်း
ဟူသော သခင်ဘုရားထံမှလာသောကြောင့်တည်း။

## အခန်းကြီး (၄)

## မြေအိုးများထဲတွင် ရှိသောဘဏ္ဍာတော်

၁။ ဘုရားသခင်သည် မိမိ၏ကရုဏာတော်၌ ငါတို့အား
ဤအမှုတော်လုပ်ငန်းကို ပေးအပ်ထားတော်မူသော
ကြောင့် ငါတို့သည် စိတ်ပျက်အားငယ်ခြင်းမဖြစ်။
၂။ ငါတို့သည် ရှက်ဖွယ်ရာ လျှို့ဝှက်မှုတို့ကိုရှုတ်ချကြ
၏။ ငါတို့သည် ကောက်ကျစ်စဉ်းလဲမှုပြု၍၊ ဘုရား
သခင်၏နှုတ်ကပတ်တရားတော်ကို မှားယွင်းစေခြင်း
ကို ငြင်းပယ်ကြ၏။ ငါတို့သည် လိမ်လည်၍မဟော
ပြော၊ ငါတို့သည် ဘုရားသခင်၏မျက်မှောက်တော်
၌သမ္မာတရားတော်၏ အလင်းတွင် သက်ရှင်လှုပ်ရှား
၍ လူတိုင်း၏သြတ္တပ္ပစိတ်ကို ချီးကျူးထိုက်အောင်
၃။ ပြုမှုဆောင်ရွက်ကြ၏။ အကယ်၍၊ ငါတို့ဟောပြော
ကြေငြာသည့် သတင်းကောင်းသည် ဖုံးကွယ်လျက်
ရှိလျှင် အသက်ဝိညာဉ်ဆုံးရှုံးလျက်နေသူများအတွက်

၄။ သာလျှင် ဖုံးကွယ်လျက်ရှိ၏။ ဤကမ္ဘာလောက၏
နတ်ဘုရားသည် ဤမယုံကြည်သူများ၏ စိတ်ကို
အမှောင်ချထား၏။ အဘယ်ကြောင့်ဆိုသော် ဘုရား
သခင်၏ ပုံသဏ္ဌာန်းတည်းဟူသော ခရစ်တော်၏
ဘုန်းဂုဏ်တော်အကြောင်းသတင်းကောင်း၏အလင်း
တော်ကို သူတို့မြင်ကြမည်ဆိုသောကြောင့်တည်း။
၅။ ငါတို့သည် မိမိတို့၏အကြောင်းကို ဟောပြောကြ
သည်မဟုတ်။ ခရစ်တော်**ယေရှု**သည် အရှင်သခင်
ဖြစ်တော်မူကြောင်း၊ ငါတို့သည်သခင်**ယေရှု**အတွက်
သင်တို့၏ အစေခံများဖြစ်ကြကြောင်းကို ဟောပြော
၆။ ခြင်းဖြစ်၏။ အကြောင်းမူကား၊ ခရစ်တော်၏မျက်
နှာတော်သည် ထွန်းတောက်လျက်ရှိသော ဘုန်း
ကျက်သရေတော်အကြောင်း သိနားလည်နိုင်စေရန်
ငါတို့၏စိတ်နှလုံးထဲ၌ အလင်းကိုထွန်းလင်းစေတော်
မူသော ဘုရားသခင်သည် အမှောင်ထဲမှအလင်းပေါ်
ထွန်းစေမည်ဟုမိန့်ကြားတော်မူခဲ့သောကြောင့်တည်း၊
၇။ သို့သော် ဤဘဏ္ဍာကို ထိန်းသိမ်းကြရသောငါတို့
သည် မြေအိုးများသဖွယ်ဖြစ်ကြလျက် အချုပ်အခြာ
တန်ခိုးအာဏာသည် ငါတို့၌မရှိဘဲ၊ ဘုရားသခင်၌
၈။ သာလျှင် ရှိတော်မူကြောင်း ပြသရန်ဖြစ်၏။ ငါတို့
သည် အမျိုးမျိုး ဆင်းရဲဒုက္ခရောက်ကြသော်လည်း
အပြတ်ချေမှုန်းခြင်းမခံရ။ တစ်ခါတစ်ရံ သံသယဖြစ်
၉။ ရသော်လည်း မည်သည့်အခါမျှစိတ်မပျက်။ ညှင်းဆဲ
နှိပ်စက်ခြင်းခံရသော်လည်း စွန့်ပစ်ထားခြင်းမခံကြရ၊
ဒဏ်ရာရစေခဲ့သော်လည်း မည်သည့်အခါမျှ ဖျက်စီး
၁၀။ ပစ်ခြင်း မခံခဲ့ရချေ။ သခင်**ယေရှု**၏သေခြင်းကို ငါ
တို့၏ခန္ဓာကိုယ်၌ အစဉ်မပြတ်သယ်ဆောင်ထားခြင်း
ဖြင့် ကိုယ်တော်အသက်ရှင်တော်မူကြောင်းကို ငါတို့
၁၁။ ကိုယ်ခန္ဓာ၌ ထင်ရှားစေခဲ့ကြ၏။ ငါတို့၏သေကျေ
ပျက်စီးတတ်သောကိုယ်ခန္ဓာတွင်သခင်**ယေရှု**အသက်
ရှင်တော်မူကြောင်းပေါ်လွင်စေရန်ငါတို့သည်အသက်
ရှင်လျက်ရှိသမျှကာလပတ်လုံး သခင်**ယေရှု**အတွက်
၁၂။ သေဘေးနှင့်ရင်ဆိုင်လျက် နေကြရ၏။ သို့ဖြစ်၍၊
ငါတို့တွင် သေခြင်းတရားသည် ဖြစ်ပေါ်လျက်ရှိပြီး၊
သူတို့၌မူကား၊ အသက်ရှင်ခြင်းသည်ဖြစ်ပေါ်လာ၏။
၁၃။ ကျမ်းစာတော်တွင် ငါသည် ယုံကြည်သောကြောင့်
ဟောပြောသည်ဟု ပါရှိသည့်အတိုင်း တူညီသောယုံ
ကြည်ခြင်းဖြင့် ငါတို့သည်လည်း ယုံကြည်၍ဟော
၁၄။ ပြောကြ၏။ သခင်**ယေရှု**အား သေခြင်းမှရှင်ပြန်ထ
မြောက်စေတော်မူသော ဘုရားသခင်သည် ငါတို့
အားလည်း သခင်**ယေရှု**နှင့်အတူ ရှင်ပြန်ထမြောက်
စေတော်မူပြီးလျှင် ငါတို့ကိုသင်တို့နှင့်အတူ ကိုယ်
တော်၏ရှေ့မျက်မှောက်တော်သို့ ဆောင်တော်မူမည်
၁၅။ ဖြစ်ကြောင်း ငါတို့သိကြ၏။ အကြောင်းမူကား၊ ဤ
အမှုအရာအားလုံးတို့သည် သင်တို့၏အကျိုးအလို့
ငှာဖြစ်ကြ၏။ ဘုရားသခင်၏ကျေးဇူးတော် ခံစားရ
သူအရေအတွက် ပိုမိုများပြားလာသည်နှင့်အမျှ ကိုယ်
တော်၏ဘုန်းအသရေတော် ထင်ရှားအံ့သောငှာ ချီး
မွမ်းသည့် ဆုတောင်းပတ္ထနာများသည်လည်း ပိုမိုများ
ပြားလာလိမ့်မည်။

## ယုံကြည်ခြင်းအားဖြင့် အသက်ရှင်ခြင်း

၁၆။ ဤအကြောင်းကြောင့် ငါတို့သည် မည်သည့်အခါမျှ
စိတ်မပျက်အားမလျော့ကြ။ ငါတို့၏ကိုယ်ခန္ဓာသည်
တဖြည်းဖြည်းယိုယွင်းပျက်စီးလျက်ရှိသော်လည်း ငါ
တို့၏ဝိညာဉ်မူကား၊ နေ့စဉ်နှင့်အမျှ အသစ်ပြုပြင်မွမ်း
၁၇။ မံခြင်းခံရ၏။ ငါတို့ခေတ္တခဏခံရသော ပေါ့ပါးသည့်
ဆင်းရဲဒုက္ခသည် အတိုင်းအထက် အလွန်ကြီးမြတ်
သည့်ထာဝရဘုန်းအသရေကို ငါတို့အား ခံစားစေ
၁၈။ လိမ့်မည်။ ငါတို့သည် မျက်စိဖြင့်မမြင်နိုင်သောအရာ
များကိုသာ အာရုံစိုက်ကြ၏။ မျက်စိဖြင့်မြင်နိုင်သော
အရာများသည် ခေတ္တခဏမျှသာ တည်၍၊ မျက်စိဖြင့်
မမြင်နိုင်သောအရာများမူကား၊ အစဉ်ထာဝရတည်
သတည်း။

## အခန်းကြီး (၅)

၁။ ငါတို့၏နေအိမ်ဖြစ်သည့် ကိုယ်ခန္ဓာတည်းဟူသော
ယာယီတဲသည်ပျက်လျှင် ကောင်းကင်၌ဘုရားသခင်
ကိုယ်တော်တိုင် ဖန်ဆင်းတော်မူ၍ လူတို့လက်နှင့်
ဆောက်လုပ်မထားဘဲ၊ ထာဝရတည်မည့်ကောင်းကင်
နေအိမ်ကို ငါတို့အား ပေးသနားတော်မူမည်ဖြစ်
၂။ ကြောင်း၊ ငါတို့သိကြ၏။ ဤယာယီတဲတွင်နေထိုင်
ကြစဉ် ကောင်းကင်အိမ်ကို အလွန်တောင်းတရသော
၃။ ကြောင့် ငါတို့သည် ညည်းထွားနေကြရ၏။ ထို
ကောင်းကင်အိမ်ကိုရရှိသောအခါ၊ ငါတို့သည် ကိုယ်
၄။ ခန္ဓာမဲ့ဖြစ်လိမ့်မည်မဟုတ်။ အကြောင်းမူကား၊ ဤ
မြေပေါ်အိမ်တွင် နေရစဉ် ငါတို့သည် ညည်းထွားကြ
၏။ ဤသို့ညည်းထွားရခြင်းမှာ ဤခန္ဓာကိုယ်ကို
ဖယ်ရှားပစ်လို၍မဟုတ်ဘဲ၊ သေကြေပျက်စီးတတ်

သောအရာကို ထာဝရရှင်သန်သော အသက်တာသို့
ပြောင်းလဲလွှမ်းချုံပေးရန် ကောင်းကင်ခန္ဓာကိုယ်ကို
၅။ ရရှိလို၍ဖြစ်၏။ ဤသို့ပြောင်းလဲစေရန် ငါတို့ကိုပြင်
ဆင်ပေးသောအရှင်ကား၊ ဘုရားသခင်ပေတည်း။
ကိုယ်တော်သည်ငါတို့ခံစားရမည့်ဆုကျေးဇူးအပေါင်း
အတွက် အာမခံချက်အဖြစ် ဝိညာဉ်တော်ကို ငါတို့
၆။ အားပေးတော်မူ၏။ သို့ဖြစ်၍၊ ငါတို့သည် ရဲစွမ်း
သတ္တိရှိသော သူများဖြစ်ကြ၏။ ဤကိုယ်ခန္ဓာမြေ
ထည်တဲ၌ နေသမျှကာလပတ်လုံး ငါတို့သည်သခင်
၇။ ဘုရား၏အိမ်တော်နှင့်ဝေးကွာလျက်ရှိ၏။ငါတို့သည်
အမြင်အားဖြင့် မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့်
၈။ လျှောက်လှမ်း၏။ ငါတို့သည် ရဲစွမ်းသတ္တိရှိကြ၍
ဤကိုယ်ခန္ဓာနေအိမ်ကို စွန့်ခွာပြီးလျှင် သခင်ဘုရား
၉။ နှင့်အတူ နေထိုင်ရန် ပို၍လိုလားကြ၏။ ငါတို့သည်
ဤနေအိမ်၌ရှိသည်ဖြစ်စေ၊ ထိုကောင်းကင်အိမ်၌ရှိ
သည်ဖြစ်စေ၊ သခင်ဘုရားနှစ်သက်တော်မူသောသူ
၁၀။ များဖြစ်ရန်သာ ရည်ရွယ်၏။ အကြောင်းမူကား၊ ငါ
တို့အားလုံးသည် တရားစီရင်ခြင်းကိုခံရန် ခရစ်တော်
၏တရားပလ္လင်တော်ရှေ့သို့ ရောက်ကြမည်ဖြစ်သော
ကြောင့်တည်း။ ဤသို့ကိုယ်ခန္ဓာနေအိမ်၌ရှိစဉ်ပြုကျင့်
ခဲ့သည့် ကောင်းမှု၊ မကောင်းမှုများအတွက်ထိုက်သင့်
ရာကို ငါတို့အသီးသီးခံရ ကြရလိမ့်မည်။

## ခရစ်တော်အားဖြင့်
## ဘုရားသခင်နှင့်မိတ်ဖွဲ့ခြင်း

၁၁။ သို့ဖြစ်၍ ဘုရားသခင်အား ကြောက်ရွံ့ရကြောင်းကို
သိသောငါတို့သည် လူတို့အား တိုက်တွန်းနှိုးဆော်ပါ
၏။ ငါတို့မည်သူဖြစ်ကြောင်းကိုသခင်ဘုရားအကြွင်း
သိတော်မူ၏။ သင်တို့သည်လည်း စိတ်နှလုံးထဲက
ထိုအကြောင်းကို ကောင်းစွာ သိကြလိမ့်မည်ဟု ငါ
၁၂။ မျှော်လင့်၏။ ဤသို့ဆိုရာ၌ ငါတို့သည်တစ်ဖန်မိမိ
တို့ကိုယ်ကိုဂုဏ်ဖော်လို၍မဟုတ်။ ငါတို့အပေါ်တွင်
သင်တို့ဂုဏ်ယူဝါကြွားနိုင်ခွင့် ရရှိကြစေရန်သာ ဖြစ်
၏။ သို့မှသာလျှင် လူ၏စိတ်နှလုံးကိုမထောက်ဘဲ၊
ပြင်ပအဆင်းသဏ္ဌာန်ကိုသာ ထောက်၍ ဂုဏ်ယူဝါ
ကြွားတတ်သူတို့၏ စကားကိုသင်တို့ ပြန်လည်ဖြေ
၁၃။ ကြားနိုင်ပေမည်။ ငါတို့သည် ရူးသွပ်လေပြီလော။
၁၄။ ရူးသွပ်လျှင် သခင်ဘုရားအတွက်ဖြစ်၏။ အကယ်၍
မရူးသွပ်လျှင်လည်းသင်တို့အတွက်ဖြစ်၏။ခရစ်တော်
၏ မေတ္တာတော်သည် ငါတို့ကိုအုပ်စိုးလေပြီ။ တစ်
ယောက်သောသူသည် လူအားလုံးအတွက် အသေခံ
သောကြောင့် လူအပေါင်းတို့သည်သေကြကြောင်းကို
၁၅။ ယခုငါတို့သိကြ၏။ ကိုယ်တော်သည် လူအပေါင်းတို့
အတွက် အသေခံခြင်းမှာ လူတို့သည် အသက်ရှင်ရာ
၌ ကိုယ်ကျိုးအတွက်ဆက်လက်၍ အသက်မရှင်ကြ
တော့ဘဲ၊ မိမိတို့အတွက် အသက်ကိုစွန့်တော်မူပြီး
သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသော အရှင်
၁၆။ အတွက် အသက်ရှင်ကြစေရန် ဖြစ်ပေသည်။ သို့ဖြစ်
၍၊ ငါတို့သည် ယခုမှစ၍ မည်သည့်အခါမျှ လူတို့
အမြင်ဖြင့် အကဲမဖြတ်တော့ပေ။ ယခင်ကခရစ်တော်
အား လူတို့အမြင်၌ ငါတို့အကဲဖြတ်ခဲ့ကြသော်လည်း
၁၇။ ယခုအခါ ထိုသို့မပြုတော့ပြီ။ ခရစ်တော်နှင့်ရှိသော
သူသည် ဖန်ဆင်းခြင်းအသစ်ဖြစ်၏။ သူသည်ဘဝ
၁၈။ ဟောင်းကိုစွန့်၍ ဘဝသစ်သို့ရောက်ရှိလေပြီ။ ငါတို့
အား ခရစ်တော်၌ မိမိနှင့်ပြန်လည်ကျေအေးသင့်မြတ်
စေတော်မူ၍၊ အခြားသူများကိုလည်း ကိုယ်တော်နှင့်
ပြန်လည်ကျေအေးသင့်မြတ်စေရန် ဆောင်ရွက်မည့်
တာဝန်ကို ငါတို့အားပေးသနားတော်မူသော ဘုရား
သခင်ထံမှ ဤအရာအားလုံးသည် ဖြစ်လာ၏။
၁၉။ ငါတို့ဟောပြောသော တရားမှာ ဘုရားသခင်သည်
ခရစ်တော်အားဖြင့် လူသားအပေါင်းတို့အား မိမိနှင့်
ပြန်လည်ကျေအေးသင့်မြတ်စေသော တရားဖြစ်၏။
ကိုယ်တော်သည် လူသားတို့၏အပြစ်ဒုစရိုက်များကို
မှတ်ထားတော်မမူဘဲ၊ လူသားတို့အား မိမိနှင့်ပြန်
လည်သင့်မြတ်စေခြင်းတည်းဟူသောသတင်းကောင်း
ကို ဟောပြောရန် ငါတို့အားအပ်နှင်းတော်မူ၏။
၂၀။ သို့ဖြစ်၍၊ ငါတို့သည် ခရစ်တော်၏သံတမန်များဖြစ်
ကြ၍၊ ဘုရားသခင်ကိုယ်တော်တိုင်ပင်ငါတို့မှတဆင့်
သင်တို့ကို မေတ္တာရပ်ခံတော်မူ၏။ သင်တို့သည်
ဘုရားသခင်နှင့် ပြန်လည်ကျေအေးသင့်မြတ်ကြရန်
ခရစ်တော်၏ကိုယ်စား ငါတို့တောင်းပန်ပါ၏။
၂၁။ ငါတို့သည် ဘုရားသခင်၏ဖြောင့်မတ်တော်ခြင်းကို
ခံစားနိုင်ကြရန် ကိုယ်တော်သည် အပြစ်ကင်းစင်
သောခရစ်တော်ကို ငါတို့အတွက်ကြောင့် အပြစ်ရှိသူ
ကဲ့သို့ ဖြစ်စေတော်မူခဲ့၏။

## အခန်းကြီး (၆)

၁။ ငါတို့သည်ဘုရားသခသင်နှင့်အတူဆောင်ရွက်လျက်
ရှိသည်ဖြစ်၍၊ သင်တို့အား တောင်းပန်လိုသည်ကား၊

သင်တို့သည် ဘုရားသခင်ကျေးဇူးတော်ကို အကျိုးမဲ့
၂။ မဖြစ်စေကြနှင့်။ အကြောင်းမူကား၊ ကျမ်းစာ၌ဘုရား
သခင်က “ငါသည် သင်တို့ကို ကျေးဇူးပြုရန်လက်ခံ
ဘွယ် အချိန်ကျရောက်သောအခါ သင်တို့လျှောက်
ထားချက်ကိုနားညောင်းခဲ့လေပြီ။ ကယ်တင်သောနေ့
ရက်ကျရောက်သောအခါ၊ သင်တို့အားမစတော်မူခဲ့
လေပြီ” ဟုမိန့်တော်မူ၏။ ထိုကျေးဇူးတော်ပြုတော်
မူခြင်းကိုခံယူရမည့် အချိန်ကား၊ ယခုပင်ဖြစ်၏။
ကယ်တင်ခြင်း၏ နေ့ရက်သည်ကား၊ ယနေ့ပင်ဖြစ်
၃။ သတည်း။ ငါတို့၏အမှုတော်နှင့်ပတ်သက်၍ မည်သူ
မျှ အပြစ်မရှာနိုင်စေရန် ငါတို့သည် သူတစ်ပါးတို့
၄။ လမ်း၌အတားအဆီးတစ်စုံတစ်ခုကိုမျှ မချ။ ထိုသို့ပြု
မည့်အစား ဆင်းရဲဒုက္ခများ၊ ကျပ်တည်းမှုများ၊အခက်
အခဲများကို စိတ်ရှည်သည်းခံလျက် ကိစ္စအဝဝတွင်
ငါတို့သည်ဘုရားသခင်၏အစေခံများဖြစ်ကြောင်းကို
၅။ ပေါ်လွင်ထင်ရှားစေကြ၏။ ငါတို့သည်အရိုက်အနှက်
ခံခဲ့ရ၏။ အကျဉ်းခံခဲ့ကြ၏။ လူတို့ရုန်းရင်းဆန်ခတ်
ပြုလုပ်ခြင်းတို့ကို ခံကြရ၏။ ပင်ပန်းစွာအလုပ်လုပ်ခဲ့
၆။ ကြရ၏။ အိပ်ရသည်၊ စားရသည်ဟူ၍မရှိ စိတ်နှလုံး
သန့်ရှင်းစင်ကြယ်ခြင်း၊ ပညာသတိရှိခြင်း၊ သည်းခံ
ခြင်း၊ ကြင်နာသနားခြင်းတို့ဖြင့်လည်းကောင်း၊ မွန်
၇။ မြတ်သောဝိညာဉ်တော်အားဖြင့်လည်းကောင်း၊စစ်မှန်
သောမေတ္တာတရားဖြင့်လည်းကောင်း၊ သမ္မာတရား
တော်ကို ဟောပြောကြေညာခြင်းအားဖြင့် လည်း
ကောင်း ငါတို့သည် ဘုရားသခင်၏အစေခံများဖြစ်
ကြောင်း ပေါ်လွင်စေကြ၏။ ငါတို့သည် ဖြောင့်မတ်
ခြင်းတရားတည်းဟူသော လက်နက်ကို လက်ဝဲလက်
နှင့်လက်ယာလက်တို့တွင် ဆွဲကိုင်အသုံးပြုကြ၏။
၈။ ငါတို့သည် ချီးမြှောက်ခြင်းနှင့်ရှုတ်ချခြင်းကို ခံရကြ
၏။ ကဲ့ရဲ့ခြင်းနှင့်ချီးမြှောက်ခြင်းကို ခံရကြ၏။ လူ
လိမ်များဟုထင်မှတ်ခြင်း ခံရသော်လည်း ငါတို့သည်
၉။ မှန်ကန်သောသစ္စာစကားကို ပြောဆိုကြ၏။ လူသိ
နည်းသူများဖြစ်သော်လည်း ကျော်ဇောထင်ရှားကြ
၏။ လူသေများကဲ့သို့ဖြစ်သော်လည်း အသက်ရှင်
လျက်ရှိ၏။ အပြစ်ဒဏ်ပေးခြင်း ခံရသော်လည်း
၁၀။ အသတ်မခံရကြ။ ဝမ်းနည်းရသော်လည်း အစဉ်ဝမ်း
မြောက်ကြ၏။ ဆင်းရဲနွမ်းပါးသည်ဟု ထင်ရသော်
လည်း လူအမြောက်အများကို ချမ်းသာကြွယ်ဝစေကြ
၏။ ပစ္စည်းဥစ္စာတစ်စုံတစ်ခုမျှ မပိုင်ကြသော်လည်း
၁၁။ အားလုံးစုံကို ပိုင်ကြ၏။ **ကော့ရင်သုမြို့သူမြို့သားတို့**
ငါတို့သည် သင်တို့အားနှုတ်ဖြင့်ပွင့်လင်းစွာထွက်ဆို
ခဲ့ပြီ။ ငါတို့၏စိတ်နှလုံးတံခါးကို သင်တို့အဖို့ကျယ်
၁၂။ စွာဖွင့်ထားသည်။ သင်တို့၏စိတ်နှလုံးတံခါးကို ပိတ်
၍ထားသူများကား၊ ငါတို့မဟုတ် သင်တို့သည် သင်
တို့၏စွဲလမ်းမှုများ၌ ပိတ်ထားကြ၏။ ယခုငါသည်
သင်တို့အား ငါ၏သားသမီးများသဖွယ် ပြောဆိုနေ
၁၃။ ၏။ သင်တို့၏စိတ်နှလုံးတံခါးကို ကျယ်စွာဖွင့်ကြ
လော့။

## လူမျိုးခြားသြဇာလွှမ်းမိုးမှုကို သတိပေးခြင်း

၁၄။ မယုံကြည်သော သူတို့နှင့်တွဲဖက်၍ မလုပ်ဆောင်ကြ
နှင့်။ ဖြောင့်မှန်ခြင်းနှင့် မကောင်းဒုစရိုက်သည် မည်
ကဲ့သို့ ဖက်စပ်နိုင်အံ့နည်း။ အလင်းနှင့်အမှောင်သည်
၁၅။ မည်ကဲ့သို့ မိတ်ဆွေဖွဲ့နိုင်အံ့နည်း။ ခရစ်တော်နှင့်
စာတန်သည် မည်ကဲ့သို့ သဘောချင်းတိုက်ဆိုင်အံ့
နည်း။ ယုံကြည်သူသည် မယုံကြည်သူနှင့် မည်သည့်
၁၆။ အရာတွင်တူညီနိုင်မည်နည်း။ ဘုရားသခင်၏ဗိမာန်
တော်သည် ရုပ်တုများနှင့်မည်ကဲ့သို့ သဘောတူညီ
ချက်ရှိနိုင်ပါအံ့နည်း။ အကြောင်းမူကား၊ အသက်ရှင်
တော်မူသော ဘုရားသခင်၏ဗိမာန်တော်ဖြစ်ကြ၏။
ဘုရားသခင်က ငါသည် ငါ၏လူမျိုးတော်တွင် ကျိန်း
ဝပ်စံပယ်တော်မူမည်။ ငါသည် သူတို့၏ဘုရားဖြစ်
၍၊ သူတို့သည်လည်း ငါ၏လူမျိုးတော်ဖြစ်လိမ့်မည်၊
၁၇။ သို့ဖြစ်၍၊ ထိုသူတို့အထဲမှထွက်ခဲ့ကြလော့။ သီးသန့်
စွာ နေကြလော့။ မသန့်စင်သည့်အရာကို လက်နှင့်မျှ
မတို့ထိနှင့်။ သို့ပြုလျှင်သင်တို့ကိုလက်ခံတော်မူမည်။
၁၈။ ငါသည် သင်တို့၏အဖဖြစ်မည်။ သင်တို့သည် ငါ၏
သားသမီးများဖြစ်ကြလိမ့်မည်ဟု အားလုံးစုံကိုတတ်
နိုင်တော်မူသော ထာဝရဘုရား မိန့်တော်မူ၏ဟူ၍
တည်း။

## အခန်းကြီး (၇)

၁။ ချစ်ဆွေတို့ ငါတို့၌ ဤကတိတော်များရှိသောကြောင့်
ငါတို့သည် ကာယနှင့်ဝိညာဉ်ကို ညစ်ညမ်းစေသော
အရာများနှင့် ကင်းစေကြလျက်၊ ဘုရားသခင်ကို
ကြောက်ရွံ့ရိုသေခြင်းအားဖြင့် မိမိတို့ကိုယ်ကို လုံးဝ
ဖြူစင်သန့်ရှင်းစေကြလော့။

## ပေါလု၏ဝမ်းမြောက်ခြင်း

၂။ သင်တို့၏ နှလုံးသားများကို ငါတို့အတွက်ဖွင့်ထား
ကြလော့။ ငါတို့သည်မည်သူ့ကိုမျှမပြစ်မှားခဲ့၊မည်သူ့
ကိုမျှမပျက်စီးစေအောင်မပြု၊မည်သူကိုမျှအခွင့်ကောင်း
၃။ မယူခဲ့ကြ။ ထိုသို့ဆိုရာ၌ သင်တို့အားပြစ်တင်ရှုတ်ချ
လို၍မဟုတ်။ အကြောင်းမူကား၊ ယခုကဖော်ပြခဲ့
သည့်အတိုင်း သင်တို့သည် ငါတို့စိတ်နှလုံးထဲတွင်
အစဉ်ရှိပြီး ငါတို့သည် သင်တို့နှင့်ရှင်အတူသေအတူ
၄။ နေလိုသောကြောင့်ဖြစ်၏။ ငါသည် သင်တို့ကို
ယုံကြည်စိတ်ချ၍ သင်တို့အတွက် ငါဂုဏ်ယူဝမ်း
မြောက်၏။ ငါသည်အားရနှစ်သိမ့်ခြင်းနှင့်လည်း
ပြည့်နေလေပြီ။ဆင်းရဲဒုက္ခအမျိုးမျိုးကိုခံရသော်လည်း
၅။ ငါသည် အလွန်ဝမ်းမြောက်လျက် ရှိ၏။ **မာစိဒိုနိယ**
ပြည်သို့ရောက်ကြသောအခါ၌ ငါတို့သည်နားနေခွင့်
မရကြ၊ အရပ်ရပ်တွင် အခက်အခဲများရှိခဲ့၏။ အပြင်
မှာအတိုက်အခံများရှိ၍ ငါတို့သည်လည်းကြောက်ရွံ့
၆။ ကြ၏။ သို့ရာတွင် စိတ်ညှိုးငယ်သူကိုအားပေးတော်မူ
သော ဘုရားသခင်သည် ငါတို့ထံရောက်ရှိလာ
သော**တိတု**အားဖြင့်နှစ်သိမ့်မှုကိုငါတို့အားပေးတော်မူ
၇။ ၏။ **တိတု**ရောက်ရှိလာသည့်အတွက်ကြောင့်သာမက
**တိတု**ကိုသင်တို့အားပေးကြသည့်သတင်းကိုကြားသိ
ရသည့်အတွက်ကြောင့်လည်းငါတို့သည် အားတက်ကြ
ရပေသည်။ **တိတု**က သင်တို့သည် ငါ့ကိုအလွန်
တွေ့လိုကြောင်း၊ အလွန်ဝမ်းနည်းလျက် ရှိကြကြောင်း
ငါ့အပေါ် သံယောဇဉ်ရှိကြောင်းတို့ကို ပြောပြသဖြင့်
၈။ ငါသည်ပို၍ပင် ဝမ်းမြောက်ခြင်းရှိ၏။ အထက်က
ပေးလိုက်သောစာအားဖြင့် သင်တို့ကို ဝမ်းနည်းစေ
သောကြောင့် ငါသည်ယခင်အခါ၌ နောင်တရှိသော်
လည်း ယခုနောင်တမရပေ။ အကြောင်းမူကား၊ ထိုစာ
သည်သင်တို့ကို ခဏသာဝမ်းနည်းစေသည်ကို ငါသိ
၉။ ၏။ ယခုငါဝမ်းမြောက်၏။ သို့သော် သင်တို့အား
စိတ်မချမ်းမသာအောင် ပြုခဲ့သည့် အတွက်ကြောင့်
မဟုတ်၊ ထိုစိတ်မချမ်းမသာမှုသည် သင်တို့အား
နောင်တတရားရစေသည့်အတွက်ကြောင့် ဝမ်းမြောက်
ရခြင်းဖြစ်ပေသည်။ အကြောင်းမူကား၊ သင်တို့သည်
ဘုရားအလိုတော်အရ ခံစားကြရသောကြောင့် ငါတို့
၁၀။ သည် သင်တို့ကိုမည်သို့မျှမနစ်နာစေခဲ့။ ဘုရားသခင်
အလိုတော်အရဖြစ်သော ဝမ်းနည်းခြင်းသည် ကယ်
တင်ခြင်းကိုရစေသည့် နောင်တတရားကိုဖြစ်ပေါ်စေ
တတ်၏။ လောကနှင့်ဆိုင်သော ဝမ်းနည်းခြင်းသည်
သေခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် ဝမ်းနည်းမိခြင်း
၁၁။ အတွက် စိတ်မကောင်းမဖြစ်သင့်။ ဘုရားသခင်၏
အလိုတော်အရဖြစ်သော ဝမ်းနည်းခြင်းသည် စိတ်
အားထက်သန်မှုကို သင်တို့၌ဖြစ်ပေါ်လာစေကြောင်း
ကြည့်ရှုကြလော့။ မည်မျှအကြောင်းပြချက်ပေး၍
အပြစ်ကင်းကြောင်းပြလိုကြမည်။ နားကျည်းချက်
မည်မျှရှိ၍ မည်မျှလောက်ထိန့်လန့်တုန်လှုပ်မည်။
ပြုပြင်ရန် မည်မျှလိုလားတမ်းတ၍ မည်မျှစိတ်အား
ထက်သန်မည်။ အပြစ်ကျူးလွန်သူကို မည်မျှအပြစ်
ဒဏ်ပေးမည်စသည်တို့ဖြစ်ပေါ်လာလေပြီ။ ဤသို့ဖြင့်
သင်တို့သည် ဤအမှုတွင် အပြစ်ကင်းကြောင်း ထင်
၁၂။ ရှားကြပြီ။ သို့ဖြစ်၍ ယခင်က သင်တို့ထံသို့ ငါစာ
ရေးခဲ့ရခြင်းမှာ ပြစ်မှားသော သူအတွက်ကြောင့်
မဟုတ်၊ ပြစ်မှားခြင်း ခံရသူအတွက်ကြောင့်လည်း
မဟုတ်။ ဘုရားသခင်၏ ရှေ့တော်တွင် သင်တို့သည်
ငါတို့အပေါ် မည်မျှလောက် ကြီးမားသော မေတ္တာ
ကြီးမားကြောင်းကို သိသာထင်ရှားစေလို၍ရေးခဲ့ခြင်း
၁၃။ ဖြစ်၏။ ထို့ကြောင့် ငါတို့သည်အားတက်မိကြ၏။
ငါတို့သည်အားပေးမှုခံစားကြရရုံသာမကအလွန်ဝမ်း
မြောက်ကြ၏။အဘယ်ကြောင့်ဆိုသော် သင်တို့သည်
**တိတု**အား ဝမ်းမြောက်စေခဲ့သဖြင့် သူ၏စိတ်နှလုံး
သည်လည်း သင်တို့ကြောင့် လန်းဆန်းထက်သန်နေ
၁၄။ သည်ကို ငါတို့တွေ့ရသောကြောင့်ဖြစ်၏။ ငါသည်
**တိတု**အား သင်တို့အကြောင်းကိုကြွားဝါခဲ့၏။ ထို
အတွက် ငါသည်အရှက်မကွဲခဲ့။ ငါတို့သည် သင်တို့
အား ဟုတ်မှန်ရာကိုသာလျှင် အစဉ်ပြောကြားခဲ့၏။
**တိတု**အား ငါတို့ကြွားဝါပြောဆိုခဲ့သော အရာများ
၁၅။ သည်လည်း မှန်ကန်လျက်နေပေပြီ။ သူ၏စကားကို
သင်တို့ အားလုံး၏ နာခံခြင်းကို လည်းကောင်း၊
ကြောက်ရွံ့တုန်လှုပ်လျက် သူ့အား ကြိုဆိုလက်ခံကြ
ခြင်းကိုလည်းကောင်း၊ သူ့ကိုအောက်မေ့သဖြင့် သင်
၁၆။ တို့ကိုပို၍ချစ်ခင်လာပေ၏။ ငါသည် သင်တို့အပေါ်
တွင် လုံးဝစိတ်ချနိုင်သောကြောင့် လွန်စွာရွှင်လန်း
ဝမ်းမြောက်ပါ၏။

## အခန်းကြီး (၈)

## ရက်ရောစွာ ပေးကမ်းစွန့်ကြဲခြင်း

၁။ ညီအစ်ကိုတို့ **မာစီဒိုနိယ**ရှိ အသင်းတော်များတွင်

ဘုရားသခင်ပေးသနားတော်မူသော ကျေးဇူးတော်များ
အကြောင်းကို သင်တို့သိစေရန် ငါတို့ပြောလိုပါ၏။
၂။ အကြောင်းမူကား၊ ထိုအသင်းတော်ဝင်တို့သည် ပြင်း
ထန်သော ညဥ်းပန်းနှိပ်စက်မှုဖြင့် စုံစမ်းခြင်းခံခဲ့ရ
သော်လည်း သူတို့ကြုံတွေ့ခံစားခဲ့ရသည့် ကြီးမား
သော ဝမ်းမြောက်ခြင်းနှင့် အလွန်ဆင်းရဲမွဲတေခဲ့ရ
သည့်အဖြစ်များသည် သူတို့၏ရက်ရောစွာပေးကမ်း
၃။ စွန့်ကြဲခြင်းကို ပြည့်လျှံလာစေခဲ့ပြီ။ ထိုသူတို့သည်
မိမိတို့တတ်နိုင်သမျှ ပေးကမ်းခဲ့ကြောင်းကို ငါသက်
သေခံနိုင်သည့်အပြင်သူတို့သည်အလိုဆန္ဒအလျောက်
၄။ မိမိတို့တတ်နိုင်သည်ထက် ပို၍ပင်၊ သန့်ရှင်းသူတို့
အား ကူညီမစခြင်းသည် ပါဝင်သည့်အခွင့်အရေးကို
ငါတို့ထံမှစိတ်ထက်သန်စွာ တောင်းခံလာကြ၏။
၅။ ဤသို့ဖြစ်လာခြင်းသည် ငါတို့မျှော်လင့်ထားသကဲ့သို့
မဟုတ်ဘဲ၊ ထိုသူတို့သည် မိမိကိုယ်ကို သခင်ဘုရား
ထံရှေးဦးစွာ ဆက်ကပ်ကြပြီးမှ ဘုရားသခင်၏အလို
တော်နှင့်အညီ ငါတို့ထံ ဆက်ကပ်ခြင်းဖြစ်၏။
၆။ ထိုသို့ဖြစ်သည့်အတိုင်း ငါတို့သည် **တိတု**တိုက်တွန်း
နှိုးဆော်ထားသည်မှာ သူအစပျိုးခဲ့သည့် ဤမွန်မြတ်
သောအမှုကို သင်တို့အလယ်တွင်လည်း ပြီးပြည့်စုံ
၇။ အောင် ဆောင်ရွက်ရန်ပင်ဖြစ်သည်။ သင်တို့သည်
ယုံကြည်ခြင်း၊ ဟောပြောခြင်း၊ အသိပညာစိတ်ထက်
သန်မှုနှင့် ငါတို့အပေါ်ထားရှိသောသင်တို့၏ချစ်ခြင်း
မေတ္တာအစရှိသည့် ခပ်သိမ်းသောအရာတို့တွင် သာ
လွန်ကောင်းမွန်စွာ ဆောင်ရွက်ကြသည့်အတိုင်း ဤ
မွန်မြတ်သော အလှူပေးခြင်းအမှုတွင် လည်းကောင်း၊
၈။ မှန်စွာ ဆောင်ရွက်ကြပါလော။ ငါသည်ကား၊ အမိန့်
ပေးခြင်းမဟုတ်။ သို့သော် သူတစ်ပါးတို့၏စိတ်အား
ထက်သန်မှုဖြင့်သင်တို့၏ချစ်ခြင်းမေတ္တာသည်လည်း
မည်မျှစစ်မှန်ကြောင်း စစ်ဆေးနိုင်ရန်ပင်ဖြစ်၏။
၉။ အကြောင်းမူကား၊ ငါတို့သခင် **ယေရှု**ခရစ်တော်၏
ကျေးဇူးတော်ကို သင်တို့သိကြပြီးဖြစ်၏။ ကိုယ်တော်
သည် ပြည့်စုံကြွယ်ဝသူဖြစ်သော်လည်း မိမိ၏ဆင်းရဲ
ချို့တဲ့ခြင်းအားဖြင့် သင်တို့သည် ပြည့်စုံကြွယ်ဝသူ
များဖြစ်လာစေရန် သင်တို့အတွက် ဆင်းရဲသူဖြစ်ခဲ့
၁၀။ ၏။ ဤကိစ္စတွင် ငါအကြံပေးသည်မှာ ယခင်နှစ်က
သင်တို့အစယုံသာမက စေတနာလည်းရှိခဲ့သည့်အမှု
ကို ယခုပြီးပြည့်စုံအောင် ဆောင်ရွက်လျှင် အကောင်း
၁၁။ ဆုံးဖြစ်ပေမည်။ ဤသို့ဖြင့် ထိုအလိုဆန္ဒတွက် သင်
တို့သည် အစဉ်သင့်ရှိခြင်းသည် သင်တို့တွင် ရှိသမျှ
နှင့် ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းနှင့် လိုက်
၁၂။ ဖက်ညီစေရန်ဖြစ်၏။ အကြောင်းမူကား၊ စေတနာ
စိတ်သည် အစဉ်သင့်ရှိလျှင်လူတစ်ဦးမတတ်နိုင်သည့်
အတိုင်း မဟုတ်ဘဲ၊ သူတတ်နိုင်သည့်အတိုင်းလက်ခံ
၁၃။ နိုင်ဘွယ်ရာဖြစ်၏။ အခြားသူတို့ကို သက်သာစေ၍
သင်တို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေရန်ငါမရည်ရွယ်
၁၄။ ပါ။ သို့ရာတွင် ညီမျှမှုရှိစေရေးအတွက် ယခုသင်တို့
၏ကြွယ်ဝမှုသည် သူတို့၏ချို့တဲ့မှုကို ဖြည့်ဆည်း
ပေးရမည်ဖြစ်ပြီး၊ ဤနည်းအတိုင်း သူတို့၏ကြွယ်ဝ
မှုသည်လည်း သင်တို့၏ချို့တဲ့မှုကို ဖြည့်ဆည်းခြင်း
၁၅။ ဖြင့် ညီမျှမှုရှိလာလိမ့်မည်။ ကျမ်းစာတွင် ရေးသား
ထားသည်မှာ များများစုသိမ်းသူတွင် မပို၊ နည်းနည်း
စုသိမ်းသူသည် မလိုဟူ၍ဖြစ်သတည်း။

## တိတုနှင့်သူ၏အပေါင်းအဖော်များ

၁၆။ အထက်ဖော်ပြပါ ထက်သန်သောစေတနာစိတ်ကို
သင်တို့အပေါ်ထားရှိရန် **တိတု**အား နှလုံးသွင်းပေး
သော ဘုရားသခင်ကို ကျေးဇူးတင်ပါသည်။
၁၇။ အကြောင်းမူကား၊ သူသည် ငါတို့၏တောင်းဆိုချက်
ကို လက်ခံယုံမျှမက သူကိုယ်တိုင်စိတ်အားထက်သန်
သူဖြစ်၍၊ မိမိအလိုအလျောက်ပင် သင်တို့ထံသွားရန်
၁၈။ ဆုံးဖြတ်ခဲ့၏။ ဧဝံဂေလိသတင်းကောင်းကို ဟော
ကြားခြင်းအတွက် အသင်းတော်များတွင် ကျော်ကြား
သော ငါတို့၏ညီတစ်ဦးကို **တိတု**နှင့်အတူ စေလွှတ်
၁၉။ မည်။ ထိုမျှမက ဘုရားသခင်၏ဘုန်းဂုဏ်တော်နှင့်
ငါတို့၏ စေတနာစိတ်ကို ထင်ရှားစေရန်အတွက်
ဆောင်ရွက်နေကြသည့် ဤမွန်မြတ်သောလုပ်ငန်း၌
ငါတို့နှင့်အတူ လှည့်လည်ခရီးသွားရန်အတွက်လည်း
ထိုသူသည် အသင်းတော်များ၏ခန့်အပ်ခြင်းကိုခံရ
၂၀။ ၏။ ငါတို့စီမံခန့်ခွဲပြီး ဝေငှပေးသောပေးကမ်းစွန့်ကြဲ
ခြင်းနှင့်ပတ်သက်၍ မည်သူမျှအပြစ်မတင်နိုင်စေရန်
၂၁။ ငါတို့ရည်ရွယ်သည်။ အကြောင်းမူကား၊ဘုရားသခင်
မျက်မှောက်တော်တွင်သာမက လူတို့၏မျက်မှောက်
တွင်လည်း သိက္ခာရှိစေရန် ငါတို့ရည်ရွယ်သည်။
၂၂။ ငါတို့အဖန်ဖန်စုံစမ်းခဲ့ပြီး၊ အရာရာတွင် စိတ်ထက်
သန်ကြောင်းတွေ့ရသည်။ငါတို့၏ညီတစ်ဦးကိုလည်း
ထိုသူနှင့်အတူ စေလွှတ်လိုက်၏။ ထိုသူသည် သင်
တို့အပေါ် ယုံကြည်အားထားမှုကြီးမားသောကြောင့်
၂၃။ ယခုပို၍ပင် စိတ်ထက်သန်လျက်ရှိသည်။ **တိတု**မှာမူ
ငါ၏အပေါင်းအဖော်ဖြစ်သည်။ သင်တို့အကျိုးကို

ဆောင်ရွက်ရာတွင် ငါ၏လုပ်ဖော်ကိုင်ဖက်ဖြစ်၏။
အခြားသောညီအစ်ကိုတို့မူကား၊ အသင်းတော်များ၏
စေတမန်များဖြစ်ကြ၍၊ ခရစ်တော်၏ဂုဏ်ကျက်သရေ
၂၄။ လည်းဖြစ်ကြ၏။ ထို့ကြောင့် သင်တို့၏ချစ်ခြင်း
မေတ္တာနှင့် သင်တို့အကြောင်း ငါတို့ဝါကြွားပြောဆို
သမျှကို အသင်းတော်များရှေ့တွင် သက်သေပြကြ
လော။

## အခန်းကြီး (၉)

## သူတော်သူမြတ်အတွက် အလှူဆက်ကပ်ခြင်း

၁။ သူတော်သူမြတ်တို့အတွက် အလှူဆက်ကပ်ခြင်းနှင့်
ပတ်သက်၍၊ သင်တို့ထံစာရေးသားခြင်းမှာငါ့အတွက်
၂။ အပိုသက်သက်ပင်ဖြစ်၏။ အကြောင်းမူကား၊ သင်၏
စေတနာစိတ်ကို ငါသိပြီးဖြစ်၍၊ **အာခေယ**မှ လူတို့
သည် ယမန်နှစ်ကတည်း အဆင့်ဆင့်သိရှိနေကြပြီး
ဟု**မာစီဒိုနိယ**လူတို့ထံ၌ပင် ငါကြွားဝါပြောဆိုပါ၏။
သင်တို့၏စိတ်ထက်သန်မှုသည် ထိုသူတို့တွင်အများ
၃။ စုကိုလှုံ့ဆော်ခဲ့၏။ ဤအမှုတွင် သင်တို့နှင့်ပတ်
သက်၍၊ ငါတို့၏ဝါကြွားမှုသည် အလဟဿမဖြစ်စေ
ဘဲ၊ ငါဆိုခဲ့သည့်အတိုင်း သင်တို့သည်အဆင်သင့်ရှိ
နေကြစေရန် ညီအစ်ကိုတို့ကို သင်တို့ထံ ငါစေလွှတ်
၄။ ၏။ သို့မဟုတ်လျှင် **မာစီဒိုနိယ**မှလူတို့သည် ငါနှင့်
အတူလိုက်ပါလာ၍ သင်တို့သည် အဆင်သင့်မရှိကြ
သည်ကို တွေ့လျှင် သင်တို့ကိုယ်တိုင်မဆိုထားနှင့်။
ငါတို့ပင်လျှင် ယုံကြည်စိတ်ချစွာ ပြောဆိုထားကြ
၅။ သောကြောင့် အရှက်ရကြလိမ့်မည်။ ထို့ကြောင့် သင်
တို့ကတိထားသည့် ဤအလှူသည် အနိုင်အထက်ပြု
၍၊ လှူခိုင်းခြင်းမျိုးမဟုတ်ဘဲ လိုလိုလားလားလှူခြင်း
မျိုးဖြစ်စေရန် ညီအစ်ကိုတို့ကို ငါ့အရင်သွား၍ ကြို
တင်ပြုခိုင်းရန် လိုအပ်သည်ဟု ငါထင်မြင်ခဲ့၏။
၆။ အနည်းငယ်သောမျိုးစေ့ကြဲသောသူသည်စပါးအနည်း
ငယ်သာ ရိတ်ရမည်။ များစွာကြဲသောသူသည် များ
စွာရိတ်ရမည်ဟူသော အချက်ကို မှတ်သားထားကြ
၇။ လော့။ လူတိုင်းမိမိ၏ဆုံးဖြတ်ချက်နှင့်အညီ လှူရ
မည်။ တွန့်တိုစွာမလှူရ။ အနိုင်အထက်စေခိုင်းခံရ၍
လည်း မလှူရပေ။ အကြောင်းမူကား၊ ဝမ်းမြောက်
ဝမ်းသာလှူသောသူကို ဘုရားသခင်နှစ်သက်တော်မူ
၈။ ၏။ ဘုရားသခင်သည် သင်တို့အားကြွယ်ဝသော
ကျေးဇူးတော်အမျိုးမျိုးဖြင့် ဖြည့်စည်းပေးနိုင်တော်မူ
၏။ ဤသို့ဖြင့် သင်တို့သည် အရာရာ၌ အစဉ်သဖြင့်
လုံလောက်စွာ ရှိကြသည်။ သင်တို့၏ကောင်းမှုလုပ်
ငန်းများအတွက်လည်း ပေါများကြွယ်ဝစွာဖြည့်ဆည်း
၉။ ပေးနိုင်ကြပေလိမ့်မည်။ ကျမ်းစာလာသည်ကား၊
အကြင်သူသည် နေရာအနှံ့တွင် စွန့်ကြဲပြီး၊ ဆင်းရဲ
သောသူတို့အားပေးကမ်းလေပြီ။ သူတို့၏ဖြောင့်မတ်
၁၀။ ခြင်းသည် အစဉ်အမြဲတည်၏ဟူ၍တည်း။ မျိုးစေ့ကြဲ
သောသူအား မျိုးစေ့ဖြင့် ဖြည့်ဆည်းပေး၍ အစာ
အဟာရအတွက် မုန့်ဖြင့်ဖြည့်ဆည်းပေးတော်မူသော
သူသည် သင်တို့၏ဥစ္စာပစ္စည်းများကို ပွားများစေ
လိမ့်မည်။ သင်တို့ဖြောင့်မတ်ခြင်းအသီးသီးကိုလည်း
၁၁။ တိုးပွားစေလိမ့်မည်။ သင်တို့သည် ကြီးမားသော
ရက်ရောစွန့်ကြဲမှုအတွက် အရာရာတွင် ပြည့်စုံကြွယ်
ဝလိမ့်မည်၍ ဘုရားသခင်အား ကျေးဇူးတင်ခြင်းကို
၁၂။ ငါတို့မှတစ်ဆင့် ပြုလုပ်စေလိမ့်မည်။ အကြောင်းမူ
ကား၊ ဤအမှုတော်ကို ဆောင်ရွက်ခြင်းသည် သန့်
ရှင်းသူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်
သာမက ဘုရားသခင်အား ကျေးဇူးတင်ချီးမွမ်းခြင်း
၁၃။ ဖြင့်လည်း ပြည့်လျှံနေစေသည်။ ဤပေးကမ်းစွန့်ကြဲ
ခြင်းအမှုတော်ကို ဆောင်ရွက်ရာတွင် သင်တို့သည်
သန့်ရှင်းသူများနှင့် အခြားသူ အားလုံးတို့အတွက်
ရက်ရောစွာ ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ ခရစ်
တော်၏ဧဝံဂေလိတရားတော်ကို လိုက်နာခြင်းဖြင့်
လည်းကောင်း၊ ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို
၁၄။ ထင်ရှားစေကြလော့။ သင်တို့၌ တည်ရှိတော်မူသော
ဘုရားသခင်၏ ထူးကဲသော ကျေးဇူးတော်ကြောင့်
သင်တို့ကို တမ်းတမြတ်နိုးကြ၍ သင်တို့အတွက် ဆု
၁၅။ တောင်းပေးကြ၏။ ကိုယ်တော်၏ ဖော်မပြနိုင်သော
ကျေးဇူးတော်အတွက် ဘုရားသခင်အား ကျေးဇူးတင်
ပါ၏။

## အခန်း (၁၀)

## ပေါလုသည် မိမိ၏သာသနာလုပ်ငန်းနှင့် ပတ်သက်၍ ချေပပြောဆိုခြင်း

၁။ သင်တို့ရှေ့တွင်ရှိသောအခါ၊ နိမ့်ချ၍ သင်တို့နှင့်ဝေး
နေသောအခါ ရဲဝင့်ပြောင်တင်းစွာ ပြောဆိုတတ်သော
ငါပေါလုသည် ခရစ်တော်၏ နူးညံ့သိမ်မွေ့ခြင်းကို
အမှီပြု၍၊ သင်တို့အား တောင်းပန်ပါသည်။

၂။ ငါသည် သင်တို့နှင့်အတူရှိစဉ် ငါ့အား လောကီဆန်
စွာ ပြုကျင့်သည်ဟု သံသယရှိသူတို့ကို သူတို့ကို
ဆန့်ကျင်ပြောဆိုရာ၌ ခိုင်မာပြောင်တင်းစွာ မပြောစေ
၃။ ရန် ငါတောင်းပန်ပါသည်။အကြောင်းမူကား ငါတို့
သည် ကမ္ဘာလောကထဲတွင် အသက်ရှင်နေထိုင်ကြ
သော်လည်း လောကီစစ်မက်ကို တိုက်ခိုက်ကြသည်
၄။ မဟုတ်ပေ။ ငါတို့သည် စစ်မက်ဖြစ်ပွားရာတွင် လော
ကလက်နက်များကို သုံးစွဲခြင်းမဟုတ်ဘဲ ခံတပ်များ
ကိုဖျက်ဆီးခြင်းသော ဘုရားသခင်၏ တန်ခိုးတော်
၅။ သာဖြစ်သည်။ ငါတို့သည် အငြင်းပွားမှုများနှင့်
ဘုရားသခင်ကို သိရှိလာနိုင်ရေးတွင် အဟန့်အတား
ပြုသည့် မောက်မာသောအတားအဆီးမှန်သမျှကို
ဖျက်ဆီး၍ အကြံအစည်မှန်သမျှကိုလည်း ခရစ်တော်
၆။ နာခံရန်သို့ပန်းပမာပြုသည်။ သင်တို့၏နာခံခြင်း
သည် ပြည့်စုံသောအခါ နာခံခြင်းမရှိမှုမှန်သမျှကို
၇။ ဒဏ်ပေးရန်ငါတို့အဆင့်သင့်ရှိကြ၏။ သင်တို့မျက်
မှောက်၌ ရှိသည့်အရာကို ကြည့်ပါလော။ အကြင်သူ
သည် မိမိကိုယ်ကို ခရစ်တော်၏နောက်လိုက်ဖြစ်
သည်ဟု ယုံကြည်စိတ်ချစွာဆိုလျှင် သူသည် ခရစ်
တော်၏နောက်လိုက်ဖြစ်သည့်နည်းတူ ငါတို့သည်
လည်းဖြစ်ကြောင်း မိမိကိုယ်ကို သတိပေးပါစေ။
၈။ အကြောင်းမူကား သင်တို့ကိုဖျက်ဆီးရန် မဟုတ်ဘဲ
ပြုစုပျိုးထောင်ရန်အလို့ငှာ သခင်ဘုရားပေးအပ်တော်
မူသော ငါတို့၏တန်ခိုအာဏာကိုငါသည်အနည်း
ငယ် ဝါကြွားပြောဆိုလျှင်လည်း ရှက်စရာအကြောင်း
၉။ မရှိပေ။ငါသည်သင်တို့အားစာများဖြင့် မခြိမ်းခြောက်
၁၀။ လိုပေ။ အကြောင်းမူကား အချို့ကပြောဆိုသည်မှာ
သူ၏စာများသည်ကြီးကျယ်၍ပြင်းထန်၏။ သို့သော်
သူကိုယ်တိုင်လာသောအခါ သူသည် သတ္တိနဲ၍
သူ၏မိန့်ခွန်းများသည်လည်း ညံ့ဖျင်း၏ဟုဆိုကြ၏။
၁၁။ ငါတို့ကိုယ်တိုင်မလာဘဲ၊ စာနှင့်ရေးသောအရာကို ငါ
တို့ကိုယ်တိုင်လာသောအခါပြုကျင့်ကြောင်း ထိုသို့ဆို
၁၂။ သောသူတို့ နားလည်ကြပါစေ။ မိမိတို့ကိုယ်ကို
ချီးမွမ်းသောသူတို့နှင့် အတန်းအစားတူစေခြင်း၊ ပြိုင်
ဆိုင်ခြင်းတို့ကို ငါတို့မပြုဝံ့ပေ။ သို့သော် ထိုသူ
တို့သည် အချင်းချင်းခိုင်းနှိုင်းပြိုင်ဆိုင်ကြသောအခါ
၁၃။ နားလည်မှုမရှိကြပေ။သို့သော် ငါတို့သည် မိမိတို့၏
အတိုင်းအတာကိုကျော်၍ ဝါကြွားလိမ့်မည်မဟုတ်
ပေ။ သင်တို့ရှိရာအရပ်တိုင်အောင်ပင် အကျုံးဝင်၍
ငါတို့အား ဘုရားသခင်သတ်မှတ်ပေးထားသော
၁၄။ အတိုင်းအတာကိုသာစောင့်ထိန်းမည်။ အကြောင်းမူ
ကား ငါတို့သည် သင်တို့ထံသို့ မရောက်ရှိခဲ့ဖူးကြသ
ကဲ့သို့ နယ်ကျူးကျော်၍ မိမိတို့ကိုယ်ကို ဝါကြွားနေ
ကြသည်မဟုတ်ပေ။ ခရစ်တော်၏ ဧဝံဂေလိသတင်း
ကောင်းကို သင်တို့ရှိရာအရပ်တိုင်အောင် ဦးစွာပထမ
၁၅။ ဆောင်ယူလာကြသူများမှ ငါတို့ပင်ဖြစ်သည်။ ငါတို့
သည် နယ်ပယ်ကျူးကျော်ကာ အခြားသူများ၏ ကြိုး
ပမ်းမှုများအတွက် ဝါကြွားသည်မဟုတ်။ သို့သော်
ငါတို့၏ မျှော်လင့်ချက်မှာ သင်တို့၏ယုံကြည်ခြင်း
တိုးပွားလာသည်နှင့်အမျှ သင်တို့အလယ်ရှိ ငါတို့၏
သာသနာလယ်ကွင်းသည်လည်းအလွန်ကြီးမားကျယ်
၁၆။ ပြန့်လာစေရန်ပင်ဖြစ်သည်။ ဤသို့ဖြင့် ငါတို့သည်
သင်တို့၏နယ်မြေကို ကျော်လွန်၍ နယ်မြေသစ်တွင်
ဧဝံဂေလိသတင်းကောင်းကို ဟောကြားနိုင်ကြလျက်
အခြားသူများ၏ သာသနာလယ်ကွင်းတွင် ဆောင်
ရွက်ထားသည့်လုပ်ငန်းအတွက်လည်းဝါကြွားခြင်းပြု
၁၇။ မည်မဟုတ်ပေ။ကျမ်းစာလာသည့်အတိုင်း ဂုဏ်ယူဝါ
ကြွားသူသည် သခင်ဘုရားအတွက်သာ ဂုဏ်ယူဝါ
၁၈။ ကြွားပါစေ။ အကြောင်းမူကား သခင်ဘုရားနှစ်သက်
လက်ခံသူဟူသည်မှာ မိမိကိုယ်ကို ချီးမြှောက်သော
သူမဟုတ်၊ ကိုယ်တော်ချီးမြှောက်တော်မူသောသူသာ
ဖြစ်သောကြောင့်တည်း။

## အခန်း(၁၁)
## ပေါလုနှင့်တမန်တော်အတုများ

၁။ ငါ၏ အနည်းငယ်မိုက်မဲမှုအတွက် ငါ့ကိုသင်တို့
၂။ သည်းခံစေလိုပါသည်။ ငါ့ကိုသည်းခံကြပါ။ဘုရား
သခင်၏ မနာလိုခြင်းမျိုးကို သင်တို့အတွက် ငါခံစား
ရသည်။ အကြောင်းမူကားတစ်ဦးတည်းသောခင်ပွန်း
ထံသို့ ဆက်သခြင်းခံရသည့်ကညာစင်သတို့သမီးကဲ့
သို့ ငါသည်သင်တို့ကိုခရစ်တော်နှင့်ထိမ်းမြားထား
၃။ သည်။ သို့သော် **ဧဝ**သည်မြွေ၏ကောက်ကျစ်စဉ်းလဲ
မှုဖြင့် အလှည့်စားခံရသကဲ့သို့ သင်တို့သည်လည်း
စိတ်ဖောက်ပြန်ကာ ခရစ်တော်အား ရိုးသားစင်ကြယ်
စွာ ချစ်ခင်စွဲလမ်းခြင်းမှ သွေဖယ်သွားမည်ကို ငါစိုး
၄။ ရိမ်၏။ အကယ်၍ တစ်စုံတစ်ယောက်သည် သင်တို့
ထံရောက်လာ၍ ငါတို့မဟောပြောဖူးသည့်အခြားတစ်
ပါးသော**ယေရှု**ကိုဟောပြောသည်ဖြစ်စေ၊ သို့မဟုတ်
သင်တို့ခံယူရရှိပြီးသည့်ဝိညာဉ်တော်နှင့်ကွဲပြားခြား

နားသည့် အခြားဝိညာဉ်တော်တစ်ပါးကိုခံယူရသည်
ဖြစ်စေ၊ သင်တို့လက်ခံထားသည့်သတင်းကောင်းနှင့်
ကွဲပြားခြားနားသော သတင်းကောင်းတစ်ခုကိုဖြစ်စေ၊
သင်တို့သည် ကျိုးနွံနာခံရန် အဆင်သင့်ရှိကြပေ
၅။ သည်။ ဤကဲ့သို့ ထိပ်တန်းတမန်တော်များထက် ငါ
၆။ သည် အနည်းငယ်မျှမနိမ့်ကျဟု ငါထင်၏။ ငါသည်
အဟောအပြောညံ့လျှင်ပင် အသိပညာမညံ့။ ငါတို့
သည် ဤအချက်ကိုခပ်သိမ်းသောအမှုကိစ္စတို့တွင်
နည်းအမျိုးမျိုးဖြင့် သင်တို့အားထင်ရှားစွာဖော်ပြခဲ့ပြီး
၇။ ဖြစ်၏။ ငါသည် သင်တို့ကိုချီးမြှောက်ရန် မိမိကိုယ်
ကိုနှိမ့်ချလျက် ဘုရားသခင်၏ သတင်းကောင်းကို
သင်တို့ထံ အခမဲ့ဟောပြောခြင်းဖြင့် အပြစ်ကျူးလွန်
၈။ ခဲ့ပါသလော။ ငါသည်သင်တို့အတွက် အမှုတော်
ဆောင်ရွက်စဉ်အခြားအသင်းတော်များ၏ထောက်ပံ့မှု
ကို လက်ခံခဲ့ခြင်းဖြင့် ထိုအသင်းတော်များကို လုယူခဲ့
၉။ ရသကဲ့သို့ဖြစ်၏။ ငါသည် သင်တို့နှင့်ရှိစဉ် ငွေကြေး
လိုအပ်သောအခါ မည်သူ့ကိုမျှဒုက္ခမပေးခဲ့။ **မက်ဆီ
ဒိုနီးယ**မှလာသောညီအစ်ကိုများက ငါ၏လိုအပ်ချက်
များကို ဖြည့်ဆည်းပေးခဲ့ကြ၏။ ငါ့အတွက် သင်တို့
တနည်းတလမ်းအားဖြင့် ဝန်လေးရမှုကိုငါရှောင်ရှား
၁၀။ ခဲ့၍ခရစ်တော်၏ အမှန်တရားသည် ငါ၌တည်ရှိတော်
မူသည်ဖြစ်၍ ဤကဲ့သို့သော ငါ၏ဝါကြွားပြောဆိုမှု
ကို အာခေယဒေသတစ်လျှောက်လုံးတွင် မည်သူမျှ
ပိတ်ပင်နိုင်လိမ့်မည် မဟုတ်ပေ။ အဘယ်ကြောင့်
၁၁။ နည်း။ သင်တို့ကို ငါမချစ်သောကြောင့် ဤသို့ဆို
၁၂။ ခြင်းလော့။ ငါချစ်သည်ကို ဘုရားသခင်သိပါ၏။
ငါတို့နှင့်တပြေးညီတည်း အမှုတော်ကိုဆောင်ရွက်ပါ
သည်ဟုဂုဏ်ယူဝါကြွားသောသူတို့ခံယူချက်ကိုဖြို
ဖျက်ရန်ငါသည်ယခုအတိုင်းဆက်လက်ဆောင်ရွက်
၁၃။ လိမ့်မည်။ အကြောင်းမူကား ထိုကဲ့သို့သော လူတို့
သည် တမန်တော်အတုများ၊ လှည့်စားတတ်သော
လုပ်သားများဖြစ်ပြီး၊ မိမိတို့ကိုယ်ကိုခရစ်တော်၏ တ
မန်တော်များဖြစ်ဟန်ဆောင်ကြသည်။
၁၄။ အံ့သြစရာမဟုတ်ပါပေ။ အကြောင်းမူကား စာတန်
နတ်ဆိုးပင်လျှင် မိမိကိုယ်ကိုအလင်း၏ ကောင်းကင်
တမန်အသွင်ကို ယူဆောင်နိုင်ပေသည်။ သို့ဖြစ်၍
၁၅။ နတ်ဆိုး၏ အမှုထမ်းများသည် ဖြောင့်မတ်ခြင်းတရား
၏အမှုထမ်းများဖြစ်ယောင်ဆောင်ကြလျှင်မထူးဆန်း
ပေ။ ထိုသူတို့၏ ဆုံးခန်းသည် သူတို့၏ အပြုအမှု
များအတိုင်းပင်ဖြစ်လိမ့်မည်။

## တမန်တော်တစ်ဦးဘဝ၌ ပေါလုခံရသော ဆင်းရဲဒုက္ခများ။

၁၆။ တဖန်ငါဆိုသည်ကား ငါ့အားရူးမိုက်သည်ဟု မည်သူ
မျှမထင်မမှတ်ပါစေနှင့်။ သို့ရာတွင်သင်တို့ထင်မှတ်
ကြလျှင်လည်း အရူးတစ်ယောက်အနေနှင့်ပင် ငါ့အား
လက်ခံကြလော့။သို့မှသာ ငါသည်လည်းအနည်းငယ်
၁၇။ ကြွားဝါနိုင်ပေမည်။ ယခုကြွားဝါပြောဆိုနေခြင်းသည်
သခင်ဘုရား၏ အလိုတော်အရမဟုတ်၊ အရူးကဲ့သို့
၁၈။ ငါကြွားဝါပြောသည်လည်းဖြစ်၏။ လူအများသည်
လောကီအရာများအတွက် ကြွားဝါတတ်ကြသော
၁၉။ ကြောင့် ငါသည်လည်း ကြွားဝါ၏။ အကြောင်းမူ
ကား သင်တို့ကိုယ်တိုင်မှာမူ ပညာရှိများဖြစ်ကြသည်
အတိုင်းလူမိုက်များကို ဝမ်းမြောက်စွာသည်းခံကြ၏။
၂၀။ သင်တို့သည် မိမိတို့အားကျွန်ပြုသူ၊လှည့်ဖြားသူ၊ အ
ခွင့်ကောင်းယူသူ၊ အထင်အမြင်သေးသူ၊ ပါးရိုက်သူ
၂၁။ တို့ကို သည်းခံကြ၏။ငါတို့သည် ဤသို့သော အမှု
တို့ကို သင်တို့အားပြုရန် သတ္တိမရှိကြောင်းကို ရှက်
ရှက်နှင့်ပင် ငါဝန်ခံ၏။ သို့ရာတွင် ရူးမိုက်သူအနေ
နှင့် ပြောရမည်ဆိုလျှင် အကယ်၍တစ်စုံတစ်ယောက်
က အရာတစ်ခုအတွက်ကြွားဝါရဲပါက ငါသည်လည်း
၂၂။ ကြွားဝါရဲပါ၏။ သူတို့သည် **ဟီဘရူး**လူမျိုးများဖြစ်
ကြသလော။ ငါသည်လည်း ဖြစ်၏။ သူတို့သည်
**အစ္စရေးလ်** လူမျိုးများဖြစ်ကြသလော။ ငါသည်
လည်းဖြစ်၏။ သူတို့သည် **အာဗြာဟမ်** ၏ အမျိုး
အနွယ်များဖြစ်ကြသလော။ ငါသည်လည်းဖြစ်၏။
၂၃။ သူတို့သည် ခရစ်တော်၏ အမှုထမ်းများဖြစ်ကြသ
လော။ ငါသည် သူတို့ထက်သာသောသူတစ်ဦးဖြစ်
၏။ ငါသည် အရူးတစ်ယောက်ကဲ့သို့ ပြောနေခြင်း
ဖြစ်သည်။ ငါသည် ထိုသူတို့ထက်အဆပေါင်းများစွာ
ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အကြိမ်ပေါင်းများစွာပို
၍ ထောင်ကျခံခဲ့ရသည်။ မရေမတွက်နိုင်သည့် ကြိမ်
၂၄။ ဒဏ်များကို သေလုနီးပါးခံခဲ့ရသည်။ အချက်ပေါင်း
လေးဆယ်တွင် တစ်ချက်သာလျော့သည့်ကြိမ်ဒဏ်ကို
**ဂျူး**လူမျိုးတို့၏လက်မှ ငါးကြိမ်တိုင်တိုင်ခံခဲ့ရသည်။
၂၅။ သုံးကြိမ်တိုင်တိုင် တုတ်ဖြင့်ရိုက်ခြင်းခံခဲ့ရသည်။
တစ်ကြိမ်ခဲနှင့် ပေါက်ခံခဲ့ရသည်။ သင်္ဘောပျက်သည့်
ဒါဏ်ကို သုံးကြိမ်ခံခဲ့ရပြီး ပင်လယ်ပြင်တွင် တစ်ည
၂၆။ နှင့် တစ်နေ့မျောနေခဲ့ရသည်။ ငါသည်မကြာခဏ
ခရီးသွားရာတွင် မြစ်လမ်းခရီး၏ဘေး၊ ဓါးပြများ၏
ဘေး၊ ငါ့လူမျိုးများ၏အန္တရာယ်ပြုမှု၊ လူမျိုးခြားတို့

၏အန္တရာယ်ပြုမှု၊မြို့ကြီးများ၌ဘေးအန္တရာယ်၊ တော
ကန္တာရ၌ဘေးအန္တရာယ်၊ ပင်လယ်ပြင်ဘေးအန္တရာယ်၊
ညီအစ်ကိုအတုတို့၏အန္တရာယ်ပြုမှုတို့ကိုကြုံတွေ့ခဲ့ရ
၂၇။ သည်။ ပင်ပန်းစွာလုပ်ကိုင်ရခြင်းနှင့် ခက်ခဲမှုများ၊
အိပ်ပျက်သောညများ၊ အစာငတ်၊ ရေငတ်ခဲ့ခြင်းများ၊
မကြာခဏပင်စားစရာလုံးဝမရှိခဲ့ခြင်းများ၊အအေးဒဏ်
ခံခဲ့ရ၍ ခိုဝင်စရာမရှိခဲ့မှုများတို့ကိုလည်း ငါကြုံတွေ့
၂၈။ ခဲ့ရသည်။အသင်းတော်များအတွက် စိုးရိမ်ပူပန်မှုက
လည်း ငါ့ကိုအခြားအရာများအားလုံးထက် နေ့စဉ်ဖိ
၂၉။ စီးခဲ့၏။ မည်သူသည် အားနည်း၍ ငါမှုကားအားမ
နည်းဘဲရှိသနည်း။ မည်သူသည် အပြစ်သို့ကျရောက်
၍ ငါကားဝမ်းမနည်းဘဲရှိသနည်း။
၃၀။ ငါသည် ဝါကြွားရမည်ဆိုလျှင် မိမိအားနည်းချက်ကို
ဖော်ပြသည့်အရာများအတွက် ဝါကြွားမည်။
၃၁။ သခင်ယေရှု၏ ဘုရားသခင်နှင့် ခမည်းတော်လည်း
ဖြစ်တော်မူ၍၊ ကာလအစဉ်အဆက်မင်္ဂလာရှိတော်မူ
သောအရှင်သည် ငါလိမ်လည်၍ မပြောကြောင်းကို
သိတော်မူ၏။ ငါသည် **ဒါမာစကု**မြို့တွင်ရှိခဲ့စဉ်က
**အရေတပ်**မင်း၏ ဘုရင်ခံသည် ငါ့ကိုဖမ်းဆီးရန်
၃၂။ မြို့တံခါးများကိုစောင့်ကြပ်ထားစေခဲ့သည်။သို့ရာတွင်
ငါ့ကိုတောင်းတစ်ခုတွင်ထည့်၍မြို့ရိုး၏ပြတင်းပေါက်
တစ်ခုမှလျှော့ချပေးခဲ့ကြသောကြောင့်ငါသည်ဘုရင်ခံ
လက်မှ လွတ်မြောက်ခဲ့ရသတည်း။

## အခန်းကြီး(၁၂)
## ရူပါရုံများနှင့် ဗျာဒိတ်တော်များ

၁။ ငါဝါကြွားရဦးမည်။ ဝါကြွားခြင်းအားဖြင့် မည်သည့်
အကျိုးအမြတ်မျှ မခံစားရသော်လည်း ငါသည်ဆက်
လက်၍ သခင်ဘုရား၏ ရူပါရုံများနှင့် ဗျာဒိတ်တော်
၂။ များကို ဖော်ပြဦးမည်။ ခရစ်တော်၏ နောက်လိုက်
တစ်ဦးသည်လွန်ခဲ့သောတစ်ဆယ့်လေးနှစ်ကကောင်း
ကင် တတိယအဆင့်တိုင်အောင် ယူဆောင်ခြင်းခံရ
သည်ကို ငါသိသည်။ ခန္ဓာကိုယ်ပါသည်မဟုတ်
၃။ သည်ကို ငါမသိ။ ဘုရားသခင်သိတော်မူ၏။ ဤသူ
သည် **ပါရာဒိုင်း**သို့ ဆောင်ယူခြင်းခံခဲ့ရသည်ကို ငါ
သိသည်။ ခန္ဓာကိုယ်ပါသည်မပါသည်ကို ငါမသိ။
၄။ ဘုရားသခင်သိတော်၏။ လူတို့နှုတ်ဖြင့် မမြွက်မဆို
အပ်။ မြွက်ဆို၍လည်း မရသည့်အကြောင်းအရာများ
၅။ ကိုထိုသူကြားခဲ့ရ၏။ ထိုသူ၏ ကိုယ်စားငါကြွားဝါ
မည်။ ငါ့အတွက်ဆိုလျှင်မူကား ငါ၏အားနည်းချက်
များမှ တစ်ပါးအခြားအများကို ငါကြွားဝါလိမ့်မည်
၆။ မဟုတ်ပေ။ အကယ်၍ ငါဝါကြွားလျှင်လည်း
ငါသည် အရူးဖြစ်လိမ့်မည်မဟုတ်။ အကြောင်းမူကား
ငါသည် အမှန်တရားကိုသာပြောဆိုပေလိမ့်မည်။ သို့
သော် မည်သူမျှ ငါ့ကိုမြင်ရကြားသည်ထက်ပို၍
အထင်မကြီးစေလိုသောကြောင့် ငါ့အကြောင်းကြွားဝါ
၇။ ခြင်းကို ငါရှောင်မည်။ ငါခံယူရရှိသည့် များပြားလှ
သော ဗျာဒိတ်တော်များကြောင့် ငါသည်ဘဝင်မမြင့်
စေခြင်းငှာ၊ ငါ့ကိုညှဉ်းဆဲရန် စာတန်နတ်ဆိုး၏ တ
မန်တစ်ဦးအနေနှင့် ဆူးငြောင့်တစ်ခုကို ကိုယ်ထဲတွင်
၈။ ပေးတော်မူ၏။ ထိုညှဉ်းဆဲမှုကို ဖယ်ရှားပေးတော်မူ
ပါရန် သခင်ဘုရားထံ သုံးကြိမ်တိုင်တိုင်ငါတောင်းခံ
၉။ ခဲ့သည်။ သို့သော် ကိုယ်တော်က ငါ၏ကျေးဇူးတော်
သည် သင့်အတွက်လုံလောက်ပေသည်။ သင်အား
နည်းသောအခါ ငါ့တန်ခိုးတော်သည် ပြည့်စုံ၏ဟု
မိန့်တော်မူ၏။ ထို့ကြောင့် ခရစ်တော်။ တန်ခိုးတော်
သည် ငါ့အပေါ်၌ ကျိန်းဝပ်မည့်အကြောင်း ငါ၏
အားနည်းချက်များကို ပို၍ပင်ဝမ်းမြောက်ဝမ်းသာစွာ
၁၀။ ငါဂုဏ်ယူဝါကြွားမည်။ သို့ဖြစ်၍ ခရစ်တော်ကြောင့်
ခံရသော အားနည်းခြင်းများ၊ ကဲ့ရဲ့ပစော်ကားခြင်း
များ၊ အခက်အခဲများ၊ညှဉ်းပန်းနှိပ်စက်မှုများနှင့်
ဘေးဒုက္ခများအတွက်ငါကျေနပ်ပါသည်။ အကြောင်း
မူကား ငါသည်အားနည်းသောအခါ ခွန်အားတန်ခိုး
၁၁။ နှင့် ပြည့်စုံလျက်ရှိ၏။ ငါသည် အရူးဖြစ်ခဲ့ပြီ။ သင်
တို့သည် ငါကို အနိုင်အထက်ပြု၍ ထိုသို့ဖြစ်စေခဲ့ကြ
ပြီ။ ငါသည်သင်တို့၏ ထောက်ခံမှုကို ရသင့်သည်။
အကြောင်းမူကား ငါသည် ဘာမျှမဟုတ်သော်လည်း
ထိပ်တန်းတမန်တော်များထက် စိုးစဉ်းမျှညံ့သည်မ
၁၂။ ဟုတ်ပေ။စစ်မှန်သော တမန်တော်တစ်ပါး၏ အမှတ်
လက္ခဏာများဖြစ်သော အံ့ဖွယ်ရာများ၊ တန်ခိုးလက္ခ
ဏာများကို ငါသည် သင်တို့အား စိတ်ရှည်လက်ရှည်
၁၃။ သက်သေပြခဲ့ပြီ။ ငါသည် သင်တို့ကို တာဝန်မလေး
စေခဲ့သည်မှအပ မည်သို့သောနည်းဖြင့်အခြားအသင်း
တော်များထက် အခွင့်အရေးလျော့နည်းစေခဲ့ပါသ
နည်း။ ဤအမှားအတွက် ငါ့ကိုခွင့်လွှတ်ကြပါလော့။
၁၄။ ငါသည် ယခုသင်တို့ထံသို့ တတိယအကြိမ်လာရန်
အသင့်ရှိပြီ။ သို့ရာတွင် သင်တို့အား ငါ့အတွက်တာ
ဝန်ကြီးလေးစေလိမ့်မည်မဟုတ်။ အကြောင်းမူကား
သင်တို့ပိုင်ဆိုင်သည့်အရာကိုမဟုတ်၊ သင်တို့ကိုသာ

ငါအလိုသည်။ သား၊သမီးများသည် မိဘများအတွက်
မဟုတ်ဘဲ၊ မိဘများကသာ သားသမီးများအတွက် စု
၁၅။ ဆောင်းသင့်ကြသည်။ ငါသည် သင်တို့အတွက် ဝမ်း
သာစွာ အကုန်အကျခံမည်ဖြစ်ပြီး၊ သင်တို့၏
ဝိညာဉ် များအတွက် ငါ၏အင်အားကို ကုန်ခမ်းစေ
မည်။ ငါသည် သင်တို့ကို တိုး၍သာ ချစ်လျက်နှင့်
ငါမှာမူလျော့၍ အချစ်ခံရမည်လော။
၁၆။ ငါသည်သင်တို့ကို ဝန်မလေးစေခဲ့ခြင်းဖြင့် ပရိယာယ်
ဆင်ကာ သင်တို့ကိုလှည့်စား၍ အနိုင်ယူခဲ့သည်ဟု
၁၇။ သင်တို့ဆိုကြသည်။ သင်တို့ထံသို့ ငါစေလွှတ်သူ
များထဲမှ တစ်ဦးဦးအားဖြင့် ငါသည် သင်တို့ထံမှအ
၁၈။ ခွင့်အရေးယူခဲ့ဖူးသလော။ ငါသည် **တိတု** ကို
သင်တို့ထံ သွားရန်မေတ္တာရပ်ခံ၍ အခြားညီအစ်ကို
တစ်ဦးကိုသူနှင့်အတူစေလွှတ်ခဲ့၏။ တိတုသည် သင်
တို့ထဲမှ အခွင့်အရေးယူခဲ့သလော။ ငါတို့သည် တူညီ
သော စိတ်ဓါတ်နှင့်ဆောင်ရွက်ခဲ့ကြသည်မဟုတ်
လော၊ တူညီသော ခြေလှမ်းများကို လှမ်းခဲ့ကြသည်
၁၉။ မဟုတ်လော။ ငါတို့သည် သင်တို့ရှေ့တွင် မိမိတို့
ကိုယ်ကိုကာကွယ်ပြောဆိုနေကြသည်ဟု သင်တို့
တစ်ချိန်လုံးထင်မှတ်နေကြသလော။ ငါတို့သည်
ဘုရားသခင်၏ မျက်မှောက်တော်၌ ခရစ်တော်၏
နာမတော်အားဖြင့် ပြောဆိုကြခြင်းသဖြစ်သည်။ ချစ်
မြတ်နိုးရသူတို့ငါတို့ပြုသမျှတို့သည် သင်တို့ကောင်း
၂၀။ ကျိုးအတွက်သာဖြစ်ပေသည်။ ငါလာသောအခါ သင်
တို့သည် ငါ့အလိုကျမဟုတ်၊ ငါသည်လည်း သင်တို့
အလိုကျမဟုတ် ဖြစ်ကောင်းဖြစ်မည်ကိုလည်းကောင်း
ခိုက်ရန်ဖြစ်ခြင်း၊မနာလိုခြင်း၊ အမျက်ထွက်ခြင်း၊
တကိုယ်ကောင်းဆန်ခြင်း၊အသေရေဖျက်ခြင်း၊အတင်း
အဖျင်းပြောခြင်း၊မာနထောင်လွှားခြင်း၊ ရန်းရင်းဆန်
ခတ်ခြင်းများရှိကောင်းရှိနေမည်ကိုလည်းကောင်း
၂၁။ ငါစိုးရိမ်သည်။ငါသည် သင်တို့ထံသို့ နောက်တစ်ဖန်
ပြန်လာသောအခါ ဘုရားသခင်သည် ငါ့ကိုသင်တို့
ရှေ့ကမှောက်၌ နှိမ့်ချစေတော်မူ၍ များစွာသော သူတို့
သည် အပြစ်ကျူးလွန်ခဲ့ကြပြီး မိမိတို့မတရား မေထုံ
မှီဝဲခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်း၊ ကာမဂုဏ်
ကျူးလွန်ခြင်းတို့အတွက် နောင်တမရပဲ ရှိသည်ကို
တွေ့ရ၍ ငါပူဆွေးဝမ်းနည်းရမည်ကိုလည်း ငါစိုးရိမ်
ပါသည်။

## အခန်း(၁၃)

## နောက်ဆုံး သတိပေးခြင်းနှင့် နှုတ်ဆက်ခြင်း

၁။ ယခုအကြိမ်သည် သင်တို့ထံသို့ ငါတတိယအကြိမ်
လာခြင်းဖြစ်သည်။ စွတ်စွဲချက်မှန်သမျှကို သက်သေ
နှစ်ဦး၊ သုံးဦးတို့၏ ထွက်ဆိုချက်အားဖြင့် အတည်
၂။ ပြုရမည်။ နောက်တစ်ကြိမ် ငါလာလျှင် သင်တို့အား
ညှာတာလိမ့်မည်မဟုတ်ဟု သင်တို့ထံသို့ ငါဒုတိယ
အကြိမ်လာလဲ့စဉ်က အပြစ်ပြုထားသူများနှင့် အခြား
သူအားလုံးတို့ကိုသတိပေးခဲ့သည့်အတိုင်း ယခုလည်း
ငါအဝေး၌ရှိစဉ် ထိုသူတို့အား သတိပေးလိုက်သည်။
၃။ အကြောင်းမူကား ခရစ်တော်သည် ငါ့အားဖြင့် မိန့်ဆို
တော်မူကြောင်း သက်သေပြရန် သင်တို့ဆန္ဒရှိကြ
သည်။ ကိုယ်တော်သည် သင်တို့နှင့် ဆက်ဆံရာ
တွင် အားနည်းတော်မမူဘဲ၊ သင်တို့အလယ်တွင် ခွန်
အားတန်ခိုးနှင့် ပြည့်စုံတော်မူ၏။
၄။ ကိုယ်တော်သည်ခွန်အားနည်းသည့်အဖြစ်၌ လက်ဝါး
ကပ်တိုင်တွင် အသတ်ခံခဲ့ရသော်လည်း ဘုရားသခင်
၏ တန်ခိုးတော်အားဖြင့် အသက်ရှင်လျက် ရှိတော်မူ
သည်။ ငါတို့သည် ကိုယ့်တော်နည်းတူခွန်အားနည်း
ကြသော်လည်း သင်တို့နှင့် ဆက်ဆံရာတွင်မူ ဘုရား
သခင်၏ တန်ခိုးတော်အားဖြင့် ကိုယ်တော်နှင့်အတူ
၅။ အသက်ရှင်လိမ့်မည်။ သင်တို့သည် ယုံကြည်ခြင်း၌
တည်ကြည်သူများဟုတ်မဟုတ် သင်တို့ကိုယ်ကို
ဆန်းစစ်ကြလော့။ ယေရှုခရစ်တော်သည် သင်တို့၌
ကိန်းအောင်းတော်မူကြောင်းကိုသင်တို့မသိမြင်ကြသ
လော။ ထိုသို့မဟုတ်ပါလျှင် အကယ်စင်စစ်သင်တို့
သည် စစ်ဆေးခံရာ၌ ရှုံးနိမ့်ခြင်းသာဖြစ်ရမည်။
၆။ ငါတို့မရှုံးနိမ့်ခဲ့ကြောင်းကို သင်တို့တွေ့မြင်ရလိမ့်မည်
၇။ ဟု ငါမျှော်လင့်ပါသည်။ သင်တို့သည် အမှားမပြုမိ
ကြစေရန်ဘုရားသခင်ထံ ငါတို့ဆုတောင်းပါသည်။
ဤသို့ပြုရာတွင်ငါတို့သည် စစ်ဆေးခံခြင်းကိုရင်ဆိုင်
ပြီးဖြစ်ကြောင်း ပေါ်လွင်စေလို၍ မဟုတ်ဘဲ ငါတို့၌
ရှုံးနိမ့်ဟန်ရှိသောလည်း သင်တို့မှာမူကား ကောင်းမှု
၈။ ကိုသာပြုကြစေရန်ပင်ဖြစ်သည်။ ငါတို့သည် အမှန်
တရားကိုဆန့်ကျင်၍မည်သည့်အမှုကိုမျှမဆောင်ရွက်
ပေ။သို့သော်ငါတို့သည်အမှန်တရားအတွက်သာလျှင်
၉။ ဆောင်ရွက်ကြသည်။ အကြောင်းမူကား ငါတို့သည်
အားနည်း၍ သင်တို့သည်အားကြီးကြသောအခါ
ငါတို့ဝမ်းသာပါသည်။ ငါတို့၏ ဆုတောင်းပတ္ထနာ
သည် သင်တို့၏ တိုးတက်အောင်မြင်မှုအတွက်သာ

၁၀။ ဖြစ်ပါသည်။ ငါသည် သင်တို့နှင့်ဝေးကွာလျှက်ရှိစဉ်
ဤစာကိုရေးသည်။ အကြောင်းရင်းကားသင်တို့အထံ
သို့ ငါလာသောအခါ သခင်ဘုရားငါ့အားပေးတော်မူ
သည့် ဩဇာအာဏာကိုပြန်းထန်စွာ မသုံးရစေရန်ပင်
ဖြစ်သည်။ ထိုဩဇာအာဏာကို ပေးတော်မူခြင်းမှာ
သင်တို့အားပြုစုပျိုးထောင်ရန်အတွက်ဖြစ်ပြီး၊ဖြိုဖျက်
၁၁။ ရန်အတွက်မဟုတ်ပေ။ နိဂုံးချုပ်အနေဖြင့် ညီအစ်ကို
တို့ကို သင်တို့လို နှုတ်ခွန်းဆက်သပါသည်။ သင်တို့
၏လမ်းစဉ်များကိုပြုပြင်ကြလော့။ငါ၏တောင်းဆို
ချက်ကိုနာယူပြီး၊ အချင်းချင်းညီညွတ်မှုရှိလျှက် ငြိမ်း
ချမ်းခြင်းစွာ နေထိုင်ကြပါလော့ ။ မေတ္တာတရားနှင့်
ငြိမ်းချမ်းခြင်း၏ အရှင်ဘုရားသခင်သည်လည်း
၁၂။ သင်တို့နှင့်အတူရှိတော်မူလိမ့်မည်။ တစ်ဦးနှင့်တစ်ဦး
သန့်ရှင်းသောနမ်းခြင်းဖြင့် နှုတ်ဆက်ကြလော့။ သန့်
ရှင်းသူအားလုံးတို့က သင်တို့အား နှုတ်ဆက်လိုက်ပါ
၁၃။ သည်။ သခင်**ယေရှု** ခရစ်တော်၏ ကျေးဇူးတော်၊
ဘုရားသခင်၏ မေတ္တာတော်နှင့် သန့်ရှင်းသော
ဝိညာဉ်တော်၏ မိတ်သဟာယတော်တို့သည် သင်တို့
အားလုံးနှင့်အတူရှိပါစေသော်။